စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

**အမှတ်စဉ် ၈/၂၀၂၅**

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- ကျိုင်းတုံမြို့ နာနတ်သီးဈေးကွက်
- သရက်သီးမှ သရက်ပြင် (ခေါ်) သရက်ပြားအဖြစ် တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချ
- ကန့်ဘလူခရိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော မြန်မာ့သနပ်ခါးတုံးဈေးနှုန်း

**နိုင်ငံတကာဈေးကွက်**

- ဆန်တန်ချိန် ၄ သိန်း ဘင်္ဂလားဒေ့ရှ် တင်သွင်းမည်
- ဗီယက်နမ်နိုင်ငံ သန်းဟွာပြည်နယ်မှ ဂျပန်၊ EU နှင့် အမေရိကန်ဈေးကွက်များသို့ ပရီမီယံဆန်တင်ပို့မှုကို အဓိက ထားဆောင်ရွက်
- ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကြားဆန်ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးမှုကို အရှိန်မြှင့်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီခဲ့
- ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ၇ ပတ်ဆက်တိုက်ကျဆင်းလျက်ရှိ
- ပါကစ္စတန်နိုင်ငံ၌ ပဲမျိုးစုံထုတ်လုပ်မှု နည်းပါး၍ ပြည်ပမှတင်သွင်းမှု မြင့်တက်
- အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ကိုလာဆစ်ခရိုင်(Kolasib district)သည် ထိပ်တန်းဆီအုန်းတင်ပို့သူအဖြစ် ပေါ်ထွက်လာ
- ဩဂုတ်လအတွက် စားအုန်းဆီကြမ်း ရည်ညွှန်းဈေး မလေးရှားအစိုးရတိုးမြှင့်
- ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကို ပိုမိုတင်သွင်းရန် လိုလားလျက်ရှိ
- ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်တွင်း ဖိလစ်ပိုင်နိုင်ငံ၏ စပါးနှင့် ပြောင်းအထွက်နှုန်း မြင့်တက်ဖွယ်ရှိ
- အီသီယိုးပီးယားနိုင်ငံသည် ဘဏ္ဍာရေးနှစ်သစ်တွင် တရုတ်နိုင်ငံသို့ ပဲပုပ်အစာကိုတင်ပို့မည်
- ဖိလစ်ပိုင်နိုင်ငံတွင် ကော်ဖီ၊ သကြားစိုက်ပျိုးထုတ်လုပ်မှုကို Rice Competitiveness Enhancement Fund– RCEF ပုံစံကဲ့သို့ ဆောင်ရွက်သွားရန် အလားအလာရှိ
- အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြောင်းထုတ်လုပ်မှုစံချိန်တင် တိုးတက်လာသော်လည်း ပြောင်း အသားတင်တင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့
- ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် ကြံသကြားထွက်ကုန် အချို့အတွက် ကုန်သွယ်မှုရှောင်လွှဲခြင်းမှ တားဆီးရေးအစီအမံများနှင့် ပတ်သက်၍ တင်ပို့သူအသစ်သုံးသပ်ချက် ရလဒ်များထုတ်ပြန်
- တရုတ်နိုင်ငံဈေးကွက်သို့ ကမ္ဘောဒီးယားဒူးရင်းသီးများ တင်သွင်းခွင့်ရရှိ
- ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆ ဘီလီယံရရှိ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ တစ်စိတ်တစ်ပိုင်းပြန်လည်တင်သွင်းခွင့်ပြုခဲ့
- အင်ဒိုနီးရှားနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်အရ အင်ဒိုနီးရှားအပေါ် သွင်းကုန်ခွန် ၁၉ ရာခိုင်နှုန်း သာထားရှိမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့
- ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နှင့် အခွန်ဆိုင်ရာညှိနှိုင်းမှုတွင် ဗီယက်နမ်၏ပုံစံကိုအတုယူရန် ထိုင်းဘဏ် အဖွဲ့အစည်းများက မျှော်လင့်ထားကြ
- ရုရှားနိုင်ငံ၏ ဓာတ်မြေဩဇာတင်ပို့မှု ပထမ ၆ လအတွင်း ၈ ရာခိုင်နှုန်းတိုးမြင့်
- ၂၀၂၅ ခုနှစ်၏ ပထမ ၆ လ အတွင်းတရုတ်-ဗီယက်နမ်ကုန်တင်ရထားပို့ဆောင်မှုသုံးဆနီးပါးမြင့်တက်လာ
- ကြေးနီသွင်းကုန်များအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းသတ်မှတ်မည်ဖြစ်ကြောင်း သမ္မတထရမ့်ကဆို
- အင်ဒိုနီးရှားနိုင်ငံသည် နေ့စဉ် ဆီထုတ်လုပ်မှုအား စည်ပေါင်း ၁ သန်းအထိ မြှင့်တင်နိုင်ရန် ရည်မှန်းထား
- သံမဏိနှင့်မော်တော်ယာဉ်အစိတ်အပိုင်းများအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုအပေါ် အိန္ဒိယက တုံ့ပြန် အရေးယူမှုအသစ်များဆောင်ရွက်ရန်စီစဉ်
- အမေရိကန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဆောင်းဦးရာသီတွင် ကိုကာကိုလာကို ကြံသကြားအစစ်ဖြင့် ထုတ်လုပ် ရောင်းချမည်

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ထောပတ်သီးတောင်သူ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆွေးနွေးပွဲကျင်းပပြုလုပ်
- ၂၀၂၅ ဇူလိုင်လ အတွင်း အစေ့ထုတ်ပြောင်းဈေးကွက် အလားအလာ

**ပြည်ပကုန်သွယ်မှုသတင်း**

- ကမ္ဘာ့ပြောင်းဈေးကျဆင်းမှုကြောင့် ပြည်တွင်းပြောင်းဈေးကျ
- အီသီယိုးပီးယား ကော်ဖီတင်ပို့မှု စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံရရှိ

**အထူးဆောင်းပါးများ**

- အိန္ဒိယအစိုးရမှ စားတော်ပဲ၏ အကောက်ခွန်မဲ့တင်သွင်းခွင့်ကို သက်တမ်းတိုးမြှင့်လိုက်ခြင်းသည် ပြည်သူ တို့၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်စေနိုင်

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ကျိုင်းတုံမြို့ နာနတ်သီးဈေးကွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် ဒေသထွက်ကုန် နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း နာနတ်သီး ရောင်းဝယ်လုပ်ကိုင်သူများထံမှ သိရသည်။

ကျိုင်းတုံမြို့တွင် ဒေသထွက် နာနတ်သီးများသည် မေလမှစတင်ကာ အရောင်းအဝယ်ကောင်းမွန်နေ ကြောင်းသိရပြီး တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၂,၀၀၀ မှ ၃,၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကျိုင်းတုံမြို့မဈေး၌ သစ်သီးရောင်း ဝယ်လုပ်ကိုင်သူများထံမှ သိရသည်။

ယခု ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ကျိုင်းတုံမြို့မဈေး၌ ရောင်းတန်းဝင် နာနတ်သီးတစ်လုံးလျှင် အကြီးအသေးပေါ် မူတည်၍ လက်ကားဈေး ၃,၀၀၀-၄,၀၀၀ ကျပ်ခန့်၊ လက်လီဈေး ၄,၀၀၀-၅,၀၀၀ ကျပ်ခန့်ထိ ရောင်းချကြသည်။ ကျိုင်းတုံမြို့ တွင် ထွက်ရှိသောနာနတ်သီးများသည် အရည်အသွေးကောင်းမွန်ပြီး ဓာတုဆေးကင်းလွတ်၍ ကျန်းမာရေးနှင့်ညီညွတ်ခြင်း

ကြောင့် အရောင်းအဝယ်ကောင်းပြီး နှစ်ရှည်နာနတ်သီး တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့် တောင်သူများ ဝင်ငွေရရှိနေကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/44157

## သရက်သီးမှ သရက်ပြင် (ခေါ်) သရက်ပြားအဖြစ် တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ စိန်တလုံးသရက်သီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ ရောင်းတမ်းဝင်အသီးများကို အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ကန့်ဘလူမြို့ အမှတ် ၅ ရပ်ကွက်တွင် စိန်တလုံးသရက်သီးမှ သရက်ပြင် (ခေါ်)သရက်ပြားအဖြစ် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ဒေသတွင်းနှင့် အခြားတိုင်းဒေသကြီးများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဒေသတွင်းနှင့် မြစ်သား၊ ပြည်၊ ပေါက်ခေါင်းမြို့များသို့ အများဆုံးတင်ပို့ ရောင်းချကြောင်း၊ ဇူလိုင်လ ပထမပတ်အတွင်း သရက်ပြင်တစ်ပိဿာလျှင် ၁၀,၀၀၀ မှ ၁၂,၀၀၀ ကျပ် ၊ ၅၀ ကျပ်သားလျှင် ၆,၀၀၀ ကျပ်ဖြင့်ရောင်းချကြောင်း၊ နှစ်စဉ်ကုန်ချောသရက်ပြင် ၃၀၀မှ ၈၀၀ ပိဿာခန့်ထိ သက်ရက်သီးကုန်ကြမ်း ရရှိမှုပေါ်မူတည်၍ မိသားစုတစ်နိုင် တစ်ပိုင် ထုတ်လုပ်ရောင်းချလျက်ရှိပြီး ဝင်ငွေရရှိကာ မိသားစုအဆင်ပြေလျက် ရှိကြောင်း လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

Source: https://www.doca.gov.mm/my/node/44147

## ကန့်ဘလူခရိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော မြန်မာ့သနပ်ခါးတုံးဈေးနှုန်း

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာအမျိုးသမီးများ ကြိုက်နှစ်သက်စွာ အသုံးပြုနေကြသည့် သနပ်ခါးပင်များ စိုက်ပျိုးထွက်ရှိရာ ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ မြန်မာ့သနပ်ခါးသည် ကဗျာ၊ သီချင်းများ စပ်ဆိုရသည်အထိ ထင်ရှားပြီး၊ ရှေးယခင်ကပင် သနပ်ခါးကို နန်းတွင်းအလှကုန်အဖြစ် အသုံးပြုခဲ့ကြောင်း၊ မြန်မာ့ရိုးရာအလှတရားတွင် သနပ်ခါးသည် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ပြီး အမျိုးသမီးများသည် မျက်နှာတွင် သနပ်ခါးဖြင့် အလှဆင်လေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သနပ်ခါးသည် သဘာဝအလှကုန်ပစ္စည်းအဖြစ် ဈေးကွက်တွင်အရေးပါပြီး နိုင်ငံတကာတွင်လည်း စိတ်ဝင်စားမှုများလာကြောင်း၊ သနပ်ခါးသည် ကျန်းမာရေးနှင့်အလှအပတို့အတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝလက်ဆောင် တစ်ခုဖြစ်ပြီး၊ ကန့်ဘလူမြို့မဈေးတွင် ရောင်းချနေသော သနပ်ခါးတုံးများသည် ကန့်ဘလူခရိုင်အတွင်းမှ ထွက်ရှိသလို၊ ရွှေဘိုမြို့ရှိ လက်လီ၊ လက်ကား သနပ်ခါးတုံး အရောင်းဆိုင်များမှလည်း ဝယ်ယူရောင်းချကြောင်း၊ ဇူလိုင်လပထမပတ်အတွင်း မြန်မာ့ရိုးရာသနပ်ခါး ၁ တုံးလျှင် ၄,၀၀၀မှ ၅,၀၀၀ ကျပ်၊ အသေး ၁ တုံးလျှင် ၂၀၀၀ ကျပ်နှင့် ၃ တုံးလျှင် ၅၀၀၀ ကျပ်ဖြင့် အရွက်အစားပေါ်မူတည်၍ ရောင်းချလျက် ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/44142

# နိုင်ငံတကာဈေးကွက်

## ဆန်တန်ချိန် ၄ သိန်း ဘင်္ဂလားဒေ့ရှ် တင်သွင်းမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသော ရှေ့လာမည့် မိုးရာသီကာလတွင် ဖြစ်ပေါ်လာနိုင်မည့် အကျပ်အတည်းများကို လျှော့ပါးစေရေးအတွက် ကြိုတင်ပြင်ဆင်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆန်မက်ထရစ် တန်ချိန် ၄၀၀,၀၀၀ တင်သွင်းရန် အစိုးရက ဆုံးဖြတ်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ် အတွင်းဝန်ချုပ်ရုံးတွင် ဇူလိုင် ၁၅ ရက်၊ အင်္ဂါနေ့၌ ကျင်းပခဲ့သည့် ဘဏ္ဍာရေးအတိုင်ပင်ခံ ဒေါက်တာ ဆာလာဟူဒင်အာမက်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သော စားနပ်ရိက္ခာ စီမံကိန်းနှင့် စောင့်ကြည့်ကြပ်မတ်ရေး ကော်မတီ၏ အစည်းအဝေးမှ အဆိုပါ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါအစည်းအဝေးအပြီး သတင်းထောက်များနှင့် တွေ့ဆုံရှင်းလင်းရာတွင် စားနပ်ရိက္ခာ အကြံပေးအရာရှိ Ali Imam Majumder က မိုးသီးနှံ (Aman) ရာသီအတွင်း ဖြစ်နိုင်ခြေရှိသော ရေလွှမ်းမိုးမှုများအတွက် ကြိုတင်စီစဉ်ရန် ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်ကြောင်း၊ ယခု မိုးသီးနှံရာသီ၌ မည်သည့် ဘေးအန္တရာယ်၊ အခက်အခဲမျှ ကြုံတွေ့ရမှုမဖြစ်ပေါ်စေလိုကြောင်း၊ ယခင်

နောက်ဆုံးအကြိမ်ရေကြီးပြီးနောက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ခဲ့ကြောင်း၊ ဝယ်ယူရေးကိစ္စများကိုလည်း နိုင်ငံတကာ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ ထိခိုက်ပျက်စီးမှုရှိသော်လည်း နွေစပါး (Boro paddy) များကို ရိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ မိုးစပါး (Aman paddy) မှာမူ ကနဦး စိုက်ပျိုးဆဲဖြစ်၍ စပါးများဆုံးရှုံးနိုင်ခြေ မရှိကြောင်း၊ သို့သော်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားပြီး ဝယ်ယူရေးလုပ်ငန်းစဉ်ကိုလည်း စတင်သွားမည်ဖြစ်ကြောင်း Mr. Majumder က ပြောဆိုသည်။ ၎င်း၏ အဆိုအရ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတိုင်အောင် ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာ သိုလှောင်မှုသည် ဆန်နှင့် ဂျုံအပါအဝင် မက်ထရစ်တန်ချိန် ၁၃ သိန်း အထိရှိနေမည်ဖြစ်ကြောင်း၊ နွေစပါး မက်ထရစ်တန်ချိန် ၃ ဒသမ ၅၀ သိန်း စုဆောင်းရန်ရည်မှန်းချက်ကိုကျော်လွန်လျက် လက်ရှိကာလတွင် တန်ချိန် ၃ ဒသမ ၇၆ သိန်းခန့်ကို အစိုးရက ဝယ်ယူစုဆောင်းထားပြီးဖြစ်ကြောင်း၊ အရန်ဆန် စုဆောင်းရန်ရည်မှန်းချက်မှာ မက်ထရစ်တန်ချိန် ၁၄ သိန်းဖြစ်ပြီး ယခုအချိန် အထိ တန်ချိန် ၉ ဒသမ ၅၀ သိန်း စုဆောင်းပြီးဖြစ်ကြောင်း၊ ရည်မှန်းချက်ကို အပြည့်အဝရရှိမည်ဟု မျှော်မှန်းထားပြီး ဩဂုတ် လလယ်ပိုင်း၌ ဆန်ဝယ်ယူရေးလုပ်ငန်းစဉ်ကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ဆန်စပါးဝယ်ယူ ရေးလုပ်ငန်း ပိတ်သိမ်းပြီးချိန်၌ ဆန် ၁ ကီလို ဂရမ်လျှင် ၁၅ တာကာနှုန်းထားရှိလျက် အိမ်ထောင်စု ၁ ခု တစ်လလျှင် ဆန် ၃၀ ကီလိုဂရမ်နှုန်းဖြင့် နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စုပေါင်း ၅၅ သိန်းခန့်သို့ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်သည်။ ယခင်က အိမ်ထောင်စုပေါင်း ၅၀ သိန်းသို့ ထောက်ပံ့ပေးခဲ့သည့် အဆိုပါ အစီအစဉ်ကို ယခုအခါ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဖေဖော်ဝါရီနှင့် မတ်လ စုစုပေါင်း ၆ လတာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် စားနပ်ရိက္ခာလုံလောက်စွာ သိုလှောင်ထားရှိခြင်းဖြင့် ဈေးကွက်တည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်ရန် မျှော်မှန်းလျက်ရှိကြောင်း သိရသည်။

Source: Bangladesh Sangbad Sangstha, 15 Jul 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့် လေ့လာရေး အဖွဲ့)

Source: https://www.doca.gov.mm/my/node/43590

## ဗီယက်နမ်နိုင်ငံ သန်းဟွာပြည်နယ်မှ ဂျပန်၊ EU နှင့် အမေရိကန်ဈေးကွက်များသို့ ပရီမီယံဆန်တင်ပို့မှုကို အဓိကထားဆောင်ရွက်

ဗီယက်နမ်နိုင်ငံ သန်းဟွာပြည်နယ်ပြည်သူ့ကော်မတီသည် အဓိကပို့ကုန်လုပ်ငန်းများနှင့် ချိတ်ဆက်နိုင်ရန်အတွက် GlobalGAP နှင့်အော်ဂဲနစ်စံနှုန်းများနှင့်ကိုက်ညီသောစိုက်ပျိုးဇုန်များကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ သန်းဟွာပြည်နယ်မှထွက်ရှိသည့် ဆန်ကို ဂျပန်၊ ဥရောပနှင့် အမေရိကန်တို့ကဲ့သို့ ပရီမီယံဈေးကွက်များသို့ တင်ပို့သွားရန်ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

အလယ်ပိုင်းပြည်နယ်သည် အရည်အသွေးမြင့်ဆန်အချိုးအစားကို တရားဝင်တင်ပို့နိုင်သည့်လမ်းကြောင်းများမှ တိုးမြှင့် တင်ပို့နိုင်ရန်အတွက် လုပ်ငန်းစဉ်များတွင်ရင်းနှီးမြှုပ်နှံရန် စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးလျက်ရှိသည်။ ၂၀၂၅ ခုနှစ် အတွက် သန်းဟွာသည် ဆန်ဟက်တာ ၂၂၄,၃၀၀ ဟက်တာစိုက်ပျိုးရန်နှင့် စုစုပေါင်း အထွက်နှုန်းတန်ချိန် ၁,၃၄၅,၈၀၀ ရရှိရန် ရည်မှန်းထားကြောင်း ဖော်ပြထားသည်။

သန်းဟွာပြည်နယ်သည် လက်ရှိတွင် အထွက်နှုန်းကောင်းပြီ အရည်အသွေးမြင့်ဆန်ဟက်တာ ၁၅၀,၀၀၀ ရှိပြီး အဆိုပါ ဧရိယာအတွင်းတွင် ဟက်တာ ၈၀,၀၀၀ ခန့်ထုတ်လုပ်နိုင်သည့်ဇုန်များရှိပြီး အဆိုပါဇုန်များသည် တန်ဖိုးကွင်းဆက်တစ်လျှောက် အရည်အသွေးနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ပြည်နယ်အတွင်း ဆန်ဝယ်ယူခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းတွင် အဓိကလုပ်ငန်းကြီး ၈ ခုရှိပြီး တစ်နှစ်လျှင် တန်ချိန် ၂၇၄,၆၀၀ ထုတ်လုပ်နိုင်ကြောင်း၊ သန်းဟွာသည် လက်ရှိတွင် OCOP(One Commune One Product)အစီအစဉ်အရ အသိအမှတ်ပြုထားသော ဆန်ထွက်ကုန် ၁၂ မျိုးရှိပြီး ကြယ် ၃ ပွင့်နှင့် ကြယ် ၄ ပွင့် အဆင့်သတ်မှတ်ထားကြောင်း သိရသည်။

သန်းဟွာ၏ ဆန်ဈေးကွက်သည် ပြည်တွင်းစားသုံးမှုအပေါ် အဓိကထားဆဲဖြစ်ပြီး ထွက်ရှိမှု၏ ၉၀ ရာခိုင်နှုန်းခန့်ရှိ ကြောင်း၊ သို့သော်လည်း ပြည်နယ်၏ပို့ကုန်လုပ်ငန်းများအပြုသဘောဆောင်လျက်ရှိသောကြောင့် ဆန်တင်ပို့မှုကိုတိုးချဲ့ရန် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် သန်းဟွာပြည်နယ်မှ စင်ကာပူနိုင်ငံသို့ တရားဝင်ဆန်တင်ပို့ခဲ့ကြောင်း၊ စုစုပေါင်းဆန်တင်ပို့မှုပမာဏသည် တန်ချိန် ၅၀၀ သို့ရောက်ရှိခဲ့ပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၈,၀၀၀ ရရှိခဲ့ကြောင်း ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းများကို ထပ်မံတိုးချဲ့ရန် ရည်မှန်းထားကြောင်း သိရသည်။

လက်ရှိတွင် ဆန်တင်ပို့ရန်အရည်အချင်းပြည့်မီသော ကုမ္ပဏီသုံးခုဖြစ်သည့် Lam Son Sugarcane Joint Stock Company(JSC)၊ VinaGreen Development Investment JSC နှင့် Tam Phu Hung High-Tech Food Limited Liability Company(LLC)ရှိကြောင်း ရေးသားဖော်ပြထားသည်။

Source: VN Economy , (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_15072025_13:17](https://myantrade.gov.mm/article/STP(Ygn)_15072025_13:17)

## ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဆန်ကုန်သွယ်မှုဆိုင်ရာဆွေးနွေးမှုကို အရှိန်မြှင့်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီခဲ့

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E Pham Minh Chinh နှင့် အင်ဒိုနီးရှားသမ္မတ H.E Prabowo Subianto တို့သည် အင်ဒိုနီးရှားနိုင်ငံ၏ စားနပ်ရိက္ခာကို အလုံအလောက်ရရှိရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို အရှိန်မြှင့်ညှိနှိုင်းရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေးရိုးတွင် ဇူလိုင်လ ၇ ရက်က ကျင်းပသည့် BRICS ထိပ်သီးအစည်းအဝေးအတွင်း အလွတ်သဘောတွေ့ဆုံဆွေးနွေးရာတွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် H.E Pham Minh Chinh က ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာနအား ဈေးကွက်ဝင်ရောက်မှုနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရာတွင် လွယ်ကူချောမွေ့စေရန် အင်ဒိုနီးရှားမိတ်ဖက်များနှင့် အနီးကပ်လုပ်ဆောင်ရန် ညွှန်ကြားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း ဖော်ပြပါရှိသည်။

ဝန်ကြီးချုပ် H.E Pham Minh Chinh က ၂၀၂၅-၂၀၃၀ ကာလအတွက် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို အကောင်အထည်ဖော်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို အဆိုပြုခဲ့ကြောင်း၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေးနှင့်ဒစ်ဂျစ်တယ်စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် အစိမ်းရောင်အသွင်ကူးပြောင်းရေးနှင့်စွမ်းအင်အပါအဝင် ကဏ္ဍသစ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လိုအပ်ကြောင်းလည်း ၎င်းကအလေးအနက်ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

Source: VN Economy, (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_15072025_13:46](https://myantrade.gov.mm/article/STP(Ygn)_15072025_13:46)

## ဂျပန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ၇ ပတ်ဆက်တိုက်ကျဆင်းလျက်ရှိ

ဂျပန်အစိုးရအနေဖြင့်ဈေးနှုန်းချိုသာသည့် အရန်ဆန်များကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိခြင်းကြောင့် ဂျပန်နိုင်ငံ၏ဆန်ဈေးနှုန်းမှာ ၇ ပတ်ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ထုတ် The NHK World Japan သတင်းစာတွင် "Retail rice prices in Japan drop for 7th straight week" ခေါင်းစဉ်ဖြင့်ဖော်ပြခဲ့သည်။

အဆိုပါသတင်း၌ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့အထိ ရက်သတ္တ ၁ ပတ်တာကာလတွင် ဂျပန်နိုင်ငံ၏ပျမ်းမျှ ဆန်ဈေးမှာ ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၃,၅၃၄ ယန်း(သို့မဟုတ်)အမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာရှိခဲ့ကြောင်းနှင့် ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၄ ဒသမ ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ဂျပန်နိုင်ငံတစ်ဝန်းရှိ စတိုးဆိုင်များ၊ ဆေးဆိုင်များနှင့် အခြားသောလက်လီအရောင်းဆိုင်စုစုပေါင်း ၆,၀၀၀ နီးပါး၏ ဈေးနှုန်းများကို ကောက်ယူကာ ပျမ်းမျှဈေးနှုန်းကို ထုတ်ပြန်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏ဒေသကြီး ၈ ခုလုံး၏ ပျမ်းမျှဆန်ဈေးမှာ ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ယန်း ၄,၀၀၀ အောက်ကျဆင်းခဲ့ကြောင်း၊ အနောက်တောင်ပိုင်းဒေသရှိ ကျူရှူး၊ အိုခီနာဝါစသည့်ဒေသများတွင် ပျမ်းမျှဆန်ဈေးမှာ အနည်းဆုံးဖြစ်ကြောင်းနှင့် ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ယန်း ၃,၀၀၀ ကျော် (သို့မဟုတ်) အမေရိကန်ဒေါ်လာ ၂၁ ဒေါ်လာအောက်သာရှိကြောင်းနှင့် ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ၂ ဒေါ်လာကျဆင်းခဲ့ ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးဒေသရှိ ပျမ်းမျှဆန်ဈေးနှုန်းများမှာ ဒုတိယအနည်းဆုံးဖြစ်ခဲ့ပြီး ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၃,၂၀၀ ယန်း(သို့မ ဟုတ်)အမေရိကန်ဒေါ်လာ ၂၁ ဒေါ်လာခန့်ရှိခဲ့ကြောင်းနှင့် ၄ ဒေါ်လာနီးပါး ကျဆင်းခဲ့ကြောင်းဖော်ပြထားသည်။ ထို့အတူ တိုကိုင်းနှင့် ဟိုခုရိုခုဒေသများတွင်လည်း ဆန် ၅ ကီလိုဂရမ် ၁ အိတ်လျှင် ယန်း ၄,၀၀၀ အောက်ကျဆင်းခဲ့ကြောင်းနှင့် ရှိနက်ဆုအလယ်ပိုင်းဒေသရှိ ဆန်ဈေးနှုန်းများမှာမူ ယန်း ၃,၀၀၀ အထက်ပြန်လည် မြင့်တက်လာလျက်ရှိကြောင်း ဖော်ပြထားသည်။ (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)–23072025_14:38

## ပါကစ္စတန်နိုင်ငံ၌ ပဲမျိုးစုံထုတ်လုပ်မှု နည်းပါး၍ ပြည်ပမှတင်သွင်းမှု မြင့်တက်

ပါကစ္စတန်နိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုသည် ၂၀၂၅ ဘဏ္ဍာနှစ် ပထမ ၁၀ လအတွင်း၌ပင် တန်ချိန် ၁ ဒသမ ၃၂ သန်း၊ တန်ဖိုး ဒေါ်လာ ၉၁၈ သန်းသို့ ရောက်ရှိခဲ့ရာ ယခင်ဘဏ္ဍာနှစ် တစ်နှစ်လုံးတွင် တင်သွင်းခဲ့သော တန်ချိန် ၁ ဒသမ ၃၁၅ သန်း (တန်ဖိုးဒေါ်လာ ၉၄၆ သန်း) ကို ကျော်လွန်ခဲ့ကြောင်း၊ ယခုနှစ် မေလအထိ တန်ဖိုး ဒေါ်လာ ၉၇၀ သန်းရှိသော ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၄ သန်းကို တင်သွင်းထားသည့်အချက်က ၂၀၂၅ ဘဏ္ဍာနှစ် ကုန်ဆုံးချိန် ဇွန်လကုန်၌ တင်သွင်းမှုစံချိန်အသစ် မှတ်တမ်း တင်မည်ကို ညွှန်ပြလျက်ရှိကြောင်း Pakistan Today သတင်းဌာနက ဖော်ပြသည်။

ယခုကဲ့သို့ ပဲမျိုးစုံတင်သွင်းမှုပမာဏ မြင့်တက်လာရခြင်းမှာ ပြည်တွင်းထုတ်လုပ်မှုနှင့် ဝယ်လိုအားတို့ကွာဟချက်ကြောင့်ဖြစ်ပြီး အထူးသဖြင့် နိုင်ငံ၏ ပဲမျိုးစုံထွက်ရှိမှုနိမ့်ကျနေခြင်းပင်ဖြစ်သည်။ ပါကစ္စတန်၏ နှစ်စဉ် ပဲမျိုးစုံလိုအပ်ချက်မှာ တန်ချိန် ၇ သိန်းမှ ၉ သိန်းအကြားရှိနေချိန်၌ ပြည်တွင်းထုတ်လုပ်မှုမှ ယင်းလိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်း မရှိသဖြင့် ပြည်ပမှပဲတန်ချိန် ၆ သိန်းမှ ၇ သိန်းအထိကို နှစ်စဉ်နှစ်တိုင်း ကုန်သည်များက တင်သွင်းလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံ၏ ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စားသောက်ကုန်များ တင်သွင်းမှုတန်ဖိုးမှာ ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံခန့်ရှိပြီး ၎င်းအနက် စားအုန်းဆီတင်သွင်းမှု၏နောက်၌ ပဲမျိုးစုံတင်သွင်းမှုက ဒုတိယနေရာတွင် တည်ရှိနေသည်။ ပဲမျိုးစုံ၏ ပျမ်းမျှဈေးနှုန်းသည် တစ်တန်လျှင် ၆၅၉ ဒေါ်လာ နှုန်းမှ ၆၉၄ ဒေါ်လာနှုန်းသို့ မြင့်တက်လာခဲ့သော်လည်း ပြည်တွင်းဈေးကွက်အတွင်း ပဲအမျိုးအစားအလိုက် ဈေးနှုန်းများမှာမူ အတက်အကျလမ်းကြောင်း ကွဲပြားလျက်ရှိသည်။ ပဲနီလေးဈေးနှုန်းများသည် ကျဆင်းနေခဲ့ပြီး ပဲတီစိမ်းနှင့် မတ်ပဲတို့၏ ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ဘဏ္ဍာနှစ်အတွက် ကောက်ယူခဲ့သော စီးပွားရေးစစ်တမ်းတွင် ပြည်တွင်း၌ ပဲတီစိမ်းနှင့် မတ်ပဲတို့ကို စိုက်ပျိုးထွက်ရှိမှုလျော့ကျခဲ့ပြီး ပဲမျိုးစုံထုတ်လုပ်မှုမှာ ၁၆ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။ ထိုသို့ ထုတ်လုပ်မှုကျဆင်းခြင်းက သွင်းကုန်အပေါ်အမှီပြုရခြင်းကို မြင့်မားလာစေသဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်းပဲမျိုးစုံထုတ်လုပ်မှုတိုးတက်စေမည့် မဟာဗျူဟာတစ်ရပ်ရေးဆွဲဆောင်ရွက်ရန် ကျွမ်းကျင်ပညာရှင်များက အစိုးရသို့တိုက်တွန်းပြောဆိုထားသည်။ ပြည်ပမှကုန်စည်များ အမြောက်အမြားတင်သွင်းနေရခြင်းကို အဓိကမောင်းနှင်တွန်းအားပေးသည့်အချက်အဖြစ် ကြောင်းကျိုးဆီလျော်မှုရှိသော ကုန်သွယ်ရေးမူဝါဒကင်းမဲ့နေသည်ဟု ဝေဖန်သူများကပြောဆိုလျက်ရှိကြသည်။ ကရာချိမြို့ ကုန်စည်လက်ကားရောင်းချသူများအသင်းဥက္ကဋ္ဌ Rauf Ibrahim က သွင်းကုန်ခွင့်ပြုမိန့်များ ထုတ်ပေးခြင်းကို တင်းကျပ်စွာထိန်းချုပ်ရန်နှင့် တင်သွင်းရန်လိုအပ်သော ကုန်စည်နှင့်ဟန်ချက်ညီညွတ်စွာ ပြည်တွင်းထုတ်လုပ်မှုရှိစေမည့် မူဝါဒများချမှတ်ရန်လိုအပ်ကြောင်း၊ စားနပ်ရိက္ခာဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုမိန့်များထုတ်ပေးခြင်းမပြုမီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုပမာဏနှင့် တင်သွင်းရန်လိုအပ်ချက်တို့ကို ဂရုတစိုက် လေ့လာဆန်းစစ်သင့်ကြောင်း ပြောကြားခဲ့သည်။ အိမ်နီးချင်းနိုင်ငံများ၌ ပြည်တွင်းထုတ်လုပ်မှုကို ဦးစားပေးသည့် စိုက်ပျိုးရေးမူဝါဒများချမှတ်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်လျက်သွင်းကုန်များအပေါ် ထိရောက်စွာစီမံခန့်ခွဲလျက်ရှိကြောင်း၊ ပဲမျိုးစုံတင်သွင်းရန် နှစ်စဉ်သုံးစွဲရသည့် ငွေကြေးပမာဏသည် မကြာမီကာလ၌ ဒေါ်လာ ၁ ဘီလီယံကို ကျော်လွန်လာနိုင်ဖွယ်ရှိနေသဖြင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုကို အလေးပေးလုပ်ဆောင်သင့်ကြောင်းဖြင့်လည်း ကျွမ်းကျင်သူများက ထောက်ပြပြောဆိုကြသည်။ အချို့ကမူ ပြုပြင်ပြောင်းလဲမှုများတွင် သင့်တင့်မျှတသည့် အခွန်စည်းကြပ်မှုဖြစ်ပေါ်စေရေးအတွက် ပဲကုန်သည်များနှင့် ပဲခွဲစက်လုပ်ငန်းများအပေါ်ကောက်ခံသည့် ဝင်ငွေခွန်သတ်မှတ်ချက်များကို ပြန်လည်သုံးသပ်ခြင်းများပါဝင်သင့်ကြောင်း ပြောဆိုကြသည်။

ပါကစ္စတန်၏ ပဲမျိုးစုံတင်သွင်းမှုမြင့်မားနေရခြင်းသည် အာဖဂန်နစ္စတန်နှင့် အီရန်တို့ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများသို့ ပဲမျိုးစုံအပါအဝင် အခြေခံစားသောက်ကုန်ပမာဏအများအပြားကို ပြန်လည်တင်ပို့နေမှုနှင့်လည်း ဆက်နွှယ်လျက်ရှိပြီး

ပြည်တွင်းဈေးကွက်၌ ဟန်ချက်မညီမျှမှုကို ဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။ ပါကစ္စတန်ကောက်ပဲသီးနှံအသင်း၏ ဥက္ကဋ္ဌ Muzamil Chappal က ပြည်တွင်း၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနိမ့်ကျခြင်းနှင့် ကမ္ဘာ့ကောက်ပဲသီးနှံဈေးနှုန်းများ ကျဆင်းနေခြင်းတို့က သွင်းကုန်ပမာဏ မြင့်မားလာစေသည့် နောက်ကွယ်မှ အကြောင်းတရားများဖြစ်ကြောင်း၊ အစိုးရ၏တရားဝင်ထုတ်ပြန်သော ပဲစိုက်ပျိုးမှု အချက်အလက်များမှာ မေးခွန်းထုတ်ဖွယ်ရှိကြောင်း၊ Sindh နှင့် Balochistan ကဲ့သို့သော ပြည်နယ်များ၏ စိုက်ပျိုးထုတ်လုပ်မှုစာရင်းများမှာ ပိုမိုဖော်ပြထားသည်ဟု သံသယဖြစ်ဖွယ်ရှိကြောင်းပြောကြားခဲ့သည်။ နိုင်ငံခြားအရန်ငွေကြေးအပေါ် ဖိအားများမြင့်မားလာပြီး သွင်းကုန်ကဏ္ဍမှ အသုံးစရိတ်များ များပြားလာမှုနှင့်အတူ ပါကစ္စတန်၏ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု၌ မကြုံစဖူးကြီးမားလာသည့် စိန်ခေါ်မှုများကို အလုံးစုံဖြေရှင်းနိုင်မည့် ရေရှည်တည်တံ့သော အဖြေတစ်ရပ်ကို ရှာဖွေရန် လိုအပ်လျက်ရှိကြောင်း Pakistan Today သတင်းဌာနက ရေးသားဖော်ပြထားသည်။

Source: Pakistan Today, 14 Jul 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/43587

## အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ကိုလာဆစ်ခရိုင်(Kolasib district)သည် ထိပ်တန်းဆီအုန်းတင်ပို့သူအဖြစ်ပေါ်ထွက်လာ

အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ကိုလာဆစ်ခရိုင်(Kolasib district)သည် ထိပ်တန်းဆီအုန်းတင်ပို့သူအဖြစ် ပေါ်ထွက်လာခဲ့ပြီး၊ ဒေသခံတောင်သူများသည် ပြီးခဲ့သည့်နှစ်ကပင် လတ်ဆတ်သောအသီးအနှံများ(Fresh fruit bunches-FFBs) ရောင်းချခြင်းမှ ရူပီး ၇ ကုဋေကျော်ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ အိန္ဒိယအရှေ့မြောက်ပိုင်း ကိုလာဆစ်ခရိုင်၊ ဘွတ်ဗန်နေး (Bukvannei)တွင်တည်ရှိသော တစ်ခုတည်းသော ဆီအုန်းသန့်စင်စက်ရုံကို စီမံခန့်ခွဲသည့် Godrej Agrovet ကုမ္ပဏီလီမိတက်၏အဆိုအရ ၂၀၂၄ ခုနှစ်တွင် လတ်ဆတ်သောအသီးအနှံများ (FFBs)တန်ချိန် ၅,၃၃၅ မက် ထရစ်တန်အား ကုမ္ပဏီမှ ဝယ်ယူခဲ့ကြောင်းသိရသည်။ အဆိုပါပမာဏသည် ၂၀၂၅ ခုနှစ်တွင် ရူပီး ၉ ကုဋေခန့်အထိ တိုးမြင့်လာမည်ဟုခန့်မှန်းထားပြီး၊ ဒေသတွင်း ဆီအုန်းစိုက်ပျိုးသူများအတွက် အလားအလာကောင်းသည့်အနာဂတ်ကို ပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါဖွံ့ဖြိုးတိုးတက်မှုအား ကိုလာဆစ်ခရိုင်၊ ဒုတိယမဟာမင်းကြီးရုံးရှိ ညီလာခံခန်းမ၌ ဒုတိယမဟာမင်းကြီး Robert C Lalhmangaiha ဦးဆောင်ကျင်းပသည့် ပြန်လည်သုံးသပ်ရေးအစည်းအဝေးတွင် မီးမောင်းထိုးပြသခဲ့ကြောင်း သိရသည်။ ၎င်းအစည်းအဝေးသို့ အစိုးရအရာရှိများ၊ ဆီအုန်းလုပ်ငန်းဆိုင်ရာမိတ်ဖက်များနှင့် တောင်သူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဆီအုန်းစိုက်ပျိုးမှု၏ တိုးတက်မှုနှင့်စိန်ခေါ်မှုများကို အကဲဖြတ်ခဲ့ကြကြောင်း သိရသည်။

ဒုတိယမဟာမင်းကြီးက ဆီအုန်းသည် ဗဟိုအစိုးရမူဝါဒအောက်တွင် "ဦးစားပေးသီးနှံ"ဖြစ်လာပြီး ဒေလီရှိ ထိပ်တန်းအရာရှိများ၏ အာရုံစိုက်မှုကိုရရှိနေပြီဖြစ်ကြောင်း၊ "ကိုလာဆစ်ခရိုင်ကို ဗဟိုအာဏာပိုင်များ လာရောက်လည်ပတ်ခြင်းက ဆီအုန်းစိုက်ပျိုးရေးနဲ့ တောင်သူတွေကိုပေးအပ်ထားတဲ့ အရေးပါမှုကို ထင်ဟပ်စေပါတယ်"ဟု ပြောကြားခဲ့ပြီး၊ ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝကိုပြောင်းလဲနိုင်သည့်အဆိုပါသီးနှံ၏အလားအလာကိုအလေးထားပြောကြားခဲ့ကြောင်းသိရသည်။

မီဇိုရမ်ပြည်နယ်တွင် ဆီအုန်းစိုက်ပျိုးခြင်းကို ပြည်နယ်အစိုးရနှင့် Godrej Agrovet ကုမ္ပဏီလီမိတက် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ကိုလာဆစ်နှင့် မာမစ်ခရိုင် (Mamit district)တို့ကို ပန်းတိုင်ရည်မှန်းချက်ထား၍ ၂၀၀၅ ခုနှစ်က စတင်မိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြည်နယ်တွင် စုစုပေါင်းဆီအုန်းစိုက်ပျိုးဧက ၂၆,၆၈၀ ဟက်တာခန့်ရှိပြီး၊ ၎င်းအနက် ၆,၉၆၅ ဟက်တာမှာ ကိုလာဆစ် ခရိုင်တစ်ခုတည်းတွင်ရှိကာ ကျေးရွာပေါင်း ၂၉ ရွာမှတောင်သူ ၂,၁၀၀ ကျော် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီဇိုရမ်ပြည်နယ်သည် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသရှိ ဆီအုန်းစိုက်ပျိုးဧရိယာ၏ ၇၈ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး၊ ဗဟိုအစိုးရ၏ စားသုံးဆီ-ဆီအုန်းဆိုင်ရာအမျိုးသားမစ်ရှင်(National Mission on Edible Oils-Oil Palm-NMEO-OP)တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရသည်။ အဆိုပါအစီအစဉ် အောက်တွင် အစိုးရသည် ကိုလာဆစ်နှင့်မာမစ်ခရိုင်ရှိတောင်သူများကို ကူညီပံ့ပိုးရန်အတွက် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်အတွက် ဖြစ်နိုင်ခြေကွာဟမှုအတွက် ပေးချေမှုများ (Viability gap payments)အဖြစ် ရူပီး ၂ ဒသမ ၂ ကုဋေနှင့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် ရူပီး ၇၆ သိန်းထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကိုလာဆစ်ခရိုင်အစည်းအဝေးတွင် Godrej Agrovet ကုမ္ပဏီလီမိတက်၏ အကြီးတန်းဖွံ့ဖြိုးရေး အရာရှိ Lalruatkima က ယခုနှစ်တွင် ပြည်နယ်အတွင်း၌ ဆီအုန်းသန့်စင်စက်ရုံတည်ထောင်ရန် စီစဉ်ထားကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းက "သန့်စင်စက်ရုံနဲ့ထုပ်ပိုးမှုဌာနစိတ်တွေ ပေါ်ပေါက်လာတာနဲ့အမျှ မိဇိုရမ်မှာစိုက်ပျိုးတဲ့ ဆီအုန်းတွေကို ပြည်ပကို တင်ပို့ရုံသာမကဘဲ ပြည်တွင်းမှာပါ သန့်စင်ထုတ်လုပ်သုံးစွဲနိုင်တော့ မှာပါ"ဟု ပြောကြားခဲ့သည်။ ၎င်းက တောင်သူများ၏ သွင်းအားစုနှင့် အကြံဉာဏ်ဆိုင်ရာလိုအပ်ချက်များကို ပိုမိုထိရောက်စွာဖြည့်ဆည်းပေးနိုင်ရန်အတွက် 'ဘက်စုံဖြေရှင်းနည်း' (One-stop solution)တစ်ရပ်ကို ဖော်ဆောင်လျက်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယင်းသို့ပြည်နယ်တွင်း တိုးတက်မှုများရှိသော်လည်း စိန်ခေါ်မှုများရှိနေကြောင်း တွေ့ရှိရသည်။ ကိုလာဆစ်ခရိုင်ရှိ စိုက်ခင်းများ၏ ထက်ဝက်နီးပါးခန့်တွင် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခက်အခဲများရှိနေပြီး၊ ၎င်းသည် သယ်ယူပို့ဆောင်ရေးနှင့် အမြတ်အစွန်းအပေါ် သက်ရောက်မှုရှိနေကြောင်းသိရသည်။ ရေရှားပါးမှု နှင့်ပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်ပူပန်မှုများဖြစ်သည့် မြေဆီလွှာအရည်အသွေးကျဆင်းမှုနှင့် ရိုးရာစိုက်ပျိုးရေးစနစ် များပျောက်ဆုံးမှုတို့ကိုလည်း သုတေသီများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ထောက်ပြခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် ယင်းပြဿနာများကိုအသိအမှတ်ပြုခဲ့ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလေ့အကျင့်များကို ဆောင်ရွက်ရန်တောင်းဆိုခဲ့ကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အရာရှိများတွင် ခရိုင်ဆီအုန်းဇုန်ကော်မတီနှင့် ခရိုင်ဆီအုန်းစိုက်တောင်သူများအသင်းမှ ကိုယ်စားလှယ်များ၊ ခရိုင်စိုက်ပျိုးရေးအရာရှိ Joseph Lalnuntluanga နှင့် Godrej Agrovet ကုမ္ပဏီလီမိတက်မှ အမှုဆောင်များ ပါဝင်ခဲ့ကြောင်း သိရသည်။

Source: The Statesman, Mizoram's Kolasib district emerging as key exporter of oil palm, June 30, 2025.

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15072025_13:53

## ဩဂုတ်လအတွက် စားအုန်းဆီကြမ်း ရည်ညွှန်းဈေး မလေးရှားအစိုးရ တိုးမြှင့်

မလေးရှားစားအုန်းဆီကြီးကြပ်မှုအဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဇူလိုင် ၁၇ ရက်နေ့၌ ဖော်ပြထားသည့် လုည့်လည်စာအရ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွက် စားအုန်းဆီကြမ်း ရည်ညွှန်းဈေးနှုန်းသတ်မှတ်ချက်ကို တိုးမြှင့်ခဲ့ရာ ထိုသို့ပြောင်းလဲမှုက ပို့ကုန်အခွန်ကို ၉ ရာခိုင်နှုန်းသို့ မြင့်တက်လာစေမည်ဖြစ်သည်ဟု The Edge Malaysia သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့စားအုန်းဆီတင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် မလေးရှားသည် ဩဂုတ်လအတွက် စားအုန်းဆီကြမ်း ရည်ညွှန်းဈေးကို တစ်တန်လျှင် ၃၈၆၄ ဒသမ ၁၂ ရင်းဂစ်နှုန်းသို့ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လအတွက် ၎င်းရည်ညွှန်းဈေးနှုန်းမှာ တစ်တန်လျှင် ၃၇၃၀ ဒသမ ၄၈ ရင်းဂစ်ဖြစ်ပြီး ပို့ကုန်အခွန်မှာ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ စားအုန်းဆီကြမ်းတင်ပို့မှုအတွက် ပို့ကုန်အခွန်နှုန်းထားသတ်မှတ်ချက်မှာ တစ်တန်လျှင် ရင်းဂစ် ၂,၂၅၀ မှ ၂,၄၀၀ အတွင်းဖြစ်ပါက ၃ ရာခိုင်နှုန်းမှ စတင်စည်းကြပ်မည်ဖြစ်ပြီး တစ်တန်လျှင် ရင်းဂစ် ၄,၀၅၀ အထက်ဖြစ်ပါက အမြင့်ဆုံးအခွန်နှုန်းထား ၁၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

Source: The Edge Malaysia, 17 Jul 2025 (လယ်ယာ ထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/43589

## ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကို ပိုမိုတင်သွင်းရန် လိုလားလျက်ရှိ

ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းရန် အလွန်စိတ်ဝင်စားလျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီး Andi Amran Sulaiman ၏ပြောကြားချက်အရ သိရသည်။ Andi Amran Sulaiman က "ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းရန် အလွန်စိတ်ဝင်စားလျက်ရှိကြောင်း၊ ရုရှားနိုင်ငံသို့တင်ပို့မည့် စားအုန်းဆီတန်ချိန်ကို မဖော်ပြသော်လည်း တန်ချိန်များမည်ဖြစ်ကြောင်း၊ စားအုန်းဆီ ပိုမိုတင်သွင်းလိုမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းလုပ်ငန်းကဏ္ဍနှင့် ဆီအုန်းစိုက်ပျိုးလုပ်ငန်းငယ်များ၏ လူမှု ဖူလုံရေးတို့အပေါ် ကောင်းမွန်သည့်သက်ရောက်မှု ဖြစ်စေမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

“ရုရှားနိုင်ငံနှင့်ပူးပေါင်းမှုသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့တင်ပို့လျက်ရှိသည့် စားအုန်းဆီဈေးကွက်အပြင် ဈေးကွက်ချဲ့ထွင်ရန် မဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်း၊ စားအုန်းဆီဈေးကွက် ပိုမိုရရှိစေရေး ဆောင်ရွက်မှုတစ်ခုအနေဖြင့် ရုရှားနိုင်ငံသို့ စားအုန်းဆီကြွမ်းတင်ပို့နိုင်ရေး အစိုးရအနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့အကြီးဆုံး စားအုန်းဆီ ထုတ်လုပ်သည့်နိုင်ငံအဖြစ် အင်ဒိုနီးရှားနိုင်ငံ၏ တည်ရှိမှုကို ခိုင်မာစေမည်ဖြစ်ကြောင်း” Andi Amran Sulaiman က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ ဆွေးနွေးရန်အတွက် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် နှစ်နိုင်ငံအစည်းအဝေးကို ပြုလုပ်မည်ဖြစ်ပြီး ရုရှားနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီး Oksana Nikolaevna Lut က ဖိတ်ကြားစာပေးပို့ခဲ့သည်။ “ရုရှားနိုင်ငံမှ ဖိတ်ကြားစာကိုလက်ခံရရှိပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း” Andi Amran Sulaiman က ပြောကြားခဲ့သည်။ ဇွန်လ ၁၉ ရက်နေ့တွင် St Petersburg မြို့တွင်ပြုလုပ်ခဲ့သည့်အစည်းအဝေး၌ Andi Amran Sulaiman နှင့် Oksana Nikolaevna Lut တို့သည် သကြားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီကြွမ်းကို ရုရှားနိုင်ငံသို့ပိုမိုတင်ပို့ရေး၊ ဓာတ်မြေဩဇာလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှားနိုင်ငံမှ အသားတင်သွင်းမှုရရှိစေရေး၊ သုတေသနနှင့် စိုက်ပျိုးရေး နည်းပညာပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး စသည့်အချက်များကို ဆွေးနွေးခဲ့သည်။

အင်ဒိုနီးရှားအစိုးရအနေဖြင့် ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုသည် ရုရှားနိုင်ငံနှင့် ဒေသတွင်းရှိအခြားနိုင်ငံများသို့ ဈေးကွက်အသစ်ရရှိစေမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆက်ဆံရေး (အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ)နှင့် သံတမန်ဆက်ဆံရေးတို့တွင် ခိုင်မာအားကောင်းစေရန် မျှော်မှန်းလျက်ရှိသည်။

ရင်းမြစ်။ Indonesian Palm Oil Association, (သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17072025_14:40

## ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်တွင်း ဖိလစ်ပိုင်နိုင်ငံ၏ စပါးနှင့် ပြောင်းအထွက်နှုန်း မြင့်တက်ဖွယ်ရှိ

ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် ကိန်းဂဏန်း၊ အချက်အလက်များအရ ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်ကာလအား ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်မည်ဆိုလျှင် စပါးနှင့် ပြောင်း အထွက်နှုန်းမှာ မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ စပါးအထွက်နှုန်းမှာ မက်ထရစ်တန်ချိန် ၄ ဒသမ ၃၅ သန်းရှိပြီး ယခင်နှစ်အလားတူကာလက မက်ထရစ်တန် ၃ ဒသမ ၅၈ သန်းသာ ထွက်ရှိခဲ့သည်။ စပါးစိုက်ပျိုးမှုဧရိယာမှာလည်း ၈၉၀,၆၀၀ ဟက်တာမှ ၉၇၂,၇၅၀ ဟက်တာထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်နေ့ ကိန်းဂဏန်းအချက်အလက်များအရ စပါးစိုက်ပျိုးမြေဧရိယာ ၁,၈၆၄,၄၁၀ ဟက်တာအနက် ၉၇၂,၇၅၀ ဟက်တာမှာ ရိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် စပါးအထွက်နှုန်းမှာ မက်ထရစ်တန် ၃ ဒသမ ၈၉ သန်းဖြစ်သည်။ စပါးစိုက်တောင်သူများမှ ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်အတွင်း စိုက်ပျိုးရန်လျာထားသည့် စိုက်ပျိုးမြေဧရိယာ ၈၈၉,၂၉၀ ဟက်တာ၏ ၄၆ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော ၄၁၄,၁၉၀ ဟက်တာမှာ အမှန်တကယ်စိုက်ပျိုးခဲ့သည့် ဧရိယာဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ထို့ပြင် ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်စွဲပါအရ လက်ရှိစပါးစိုက်ပျိုးမြေ ၅၂၂,၅၃၀ ဟက်တာ၏ ၅၁ ရာခိုင်နှုန်းမှာ vegetative stage ၊ ၂၉ ဒသမ ၄ ရာခိုင်နှုန်းမှာ reproductive stage နှင့် ကျန် ၁၉ ဒသမ ၆ ရာခိုင်နှုန်းမှာ maturing stage ဖြစ်သည်။

ပြောင်းစိုက်ပျိုးထွက်ရှိမှုမှာ ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်တွင် မက်ထရစ်တန် ၁ ဒသမ ၄၈၇ သန်းရှိမည်ဟု ခန့်မှန်းရရှိထားပြီး ၂၀၂၄ ခုနှစ်က မက်ထရစ်တန်ချိန် ၁ ဒသမ ၁၇ သန်း သာထွက်ရှိခဲ့သည်။ ပြောင်းစိုက်ပျိုးမြေဧရိယာမှာ ၃၄၆,၈၈၀ ဟက်တာမှ ၄၀၂,၇၃၀ ဟက်တာထိမြင့်တက်ခဲ့ပြီး အထွက်နှုန်းမှာလည်း မနှစ်ကထက် ၃ ဒသမ ၃၈ ရာခိုင်နှုန်း၊ မက်ထရစ်တန်ချိန် ၃ ဒသမ ၆၉ သန်းထိတိုးမြှင့်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်နေ့ ကိန်းဂဏန်းအချက်အလက်များအရ ပြောင်းစိုက်ဧရိယာ ၄၀၂,၇၃၀ ဟက်တာ၏ ၈၂ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သော ၃၃၀,၆၈၀ ဟက်တာအား ရိတ်သိမ်းပြီးဖြစ်ပြီး ပြောင်းအထွက်နှုန်းမှာ မက်ထရစ်တန်ချိန် ၁ ဒသမ ၂၉ သန်းထိရရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။ လက်ရှိပြောင်း စိုက်ပျိုးမြေ၏ ၅၃ ဒသမ ၇ ရာခိုင်နှုန်းမှာ vegetative stage ၊ ၂၉ ဒသမ ၆ ရာခိုင်နှုန်း မှာ reproductive stage နှင့် ကျန် ၁၆ ဒသမ ၆ ရာခိုင်နှုန်းမှာ maturing stage တို့ဖြစ်သည်။ (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17072025_14:33

## အီသီယိုးပီးယားနိုင်ငံသည် ဘဏ္ဍာရေးနှစ်သစ်တွင် တရုတ်နိုင်ငံသို့ ပဲပုပ်အစာကို တင်ပို့မည်

ဇူလိုင် ၈ ရက်နေ့မှစတင်သည့် ဘဏ္ဍာနှစ်သစ်တွင် ပဲပုပ်ကိုဆီကြိတ်ပြီးနောက် ထွက်ရှိလာသော ပဲပုပ်ဖတ်များကို ပဲပုပ်အစာအဖြစ် တရုတ်ဈေးကွက်သို့တင်ပို့မည်ဟု အီသီယိုးပီးယားနိုင်ငံ၊ ကုန်သွယ်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေးဝန်ကြီးဌာနက ကြေညာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အီသီယိုးပီးယား၏လယ်ယာထွက်ကုန်များ အဓိကတင်ပို့သည့်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြား သဘောတူညီချက်အရ အီသီယိုးပီးယားပဲပုပ်တင်ပို့မှုသည် တရုတ်နိုင်ငံ၏ပိုးမွှားဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီပြီး ပိုးမွှားကင်းစင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ဆင့်ဟွာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အီသီယိုးပီးယားလယ်ယာထွက်ကုန်များကို အများဆုံးဝယ်ယူသူဖြစ်ပြီး အီသီယိုးပီးယားသည် နှစ်နိုင်ငံအကြား သဘောတူညီချက်နှင့်အညီ အရည်အသွေးမြင့် ပဲပုပ်ထွက်ကုန်များကို တရုတ်နိုင်ငံသို့ ရောင်းချပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ဆက်သွယ်ရေးဒါရိုက်တာ Wondimu Flate က ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးဌာန၏အဆိုအရ အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပဲပုပ်တန်ချိန် ၂၉,၄၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၈ သန်းခန့်ရရှိခဲ့ကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံသည် ပဲပုပ်ထွက်ကုန်များအတွက် ဈေးကွက်ရှာဖွေနေသောကြောင့် တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံကို ကုန်သွယ်ရေးမိတ်ဖက်အဖြစ် ဆုံးဖြတ်ခဲ့ခြင်းကို အီသီယိုးပီးယားအစိုးရက အခိုင်အမာထောက်ခံကြောင်း၊ အီသီယိုးပီးယားသည် ပဲပုပ်ထုတ်ကုန်များကို အရည်အသွေး၊ စံချိန်စံညွှန်းနှင့် ယှဉ်ပြိုင်နိုင်သည့်ပုံစံဖြင့် တင်ပို့သွားမည်ဖြစ်ကြောင်း Flate က ပြောကြားခဲ့သည်ဟု သိရသည်။

Source: https://en.people.cn/n3/2025/0709/c90000-20337934.html, (ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_16072025_16:45

## ဖိလစ်ပိုင်နိုင်ငံတွင် ကော်ဖီ၊ သကြားစိုက်ပျိုးထုတ်လုပ်မှုကို Rice Competitiveness Enhancement Fund- RCEF ပုံစံကဲ့သို့ ဆောင်ရွက်သွားရန် အလားအလာရှိ

ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်သွင်းခြင်းမှကောက်ခံရရှိသည့် အခွန်ရရှိငွေများ၏ရာခိုင်နှုန်းအချို့ကို Rice Competitiveness Enhancement Fund-RCEF ထဲသို့ နှစ်စဉ်လွှဲပြောင်းထည့်ဝင်ပြီး ပြည်တွင်းရှိ ဆန်တောင်သူများအား ငွေကြေးထောက်ပံ့ပေးခြင်း၊ လိုအပ်သည့်စိုက်ပျိုးကိရိယာများ၊ သွင်းအားစုများဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့်နည်းတူ အဆိုပါပုံစံအတိုင်း ဖိလစ်ပိုင်နိုင်ငံ၏ ကော်ဖီနှင့် သကြားကဏ္ဍကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရန် အဆိုပြုတင်ပြထားသည့် ဥပဒေပြဋ္ဌာန်းချက်အားလာမည့် ၂၀ ကြိမ်မြောက် လွှတ်တော်အစည်းအဝေးတွင် သဘောတူအတည်ပြုပေးနိုင်ခြင်းရှိမရှိ The Philippines Chamber of Agriculture and Food, Inc.(PCAFI)မှ မေးမြန်းထားပါကြောင်း ဖော်ပြပါရှိသည်။

အကောက်ခွန်ကောက်ခံရရှိမှုသည် တင်သွင်းသည့်ကုန်ပစ္စည်းအလိုက် သက်ဆိုင်ရာကဏ္ဍအသီးသီးအတွက် အထောက်အပံ့ဖြစ်စေရန်မှာ လိုအပ်ကြောင်း စိုက်ပျိုးရေးတောင်သူအုပ်စုအသီးသီးမှ ထုတ်ဖော် ပြောကြားထားသည်။ RCEF ပုံစံသည် လွန်စွာကောင်းမွန်ပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်တစ်ချက်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

အစိုးရ၏ ထောက်ပံ့မှုအနည်းငယ်သာရရှိသည့် ကော်ဖီ၊ သကြား၊ ဆေးရွက်ကြီးနှင့် ဟင်းသီးဟင်းရွက်ကဲ့သို့သော ကုန်စည်များအတွက် မြှင့်တင်ရေးရန်ပုံငွေ (Enhancement Fund)ကဲ့သို့ရှိရန်မှာ လိုအပ်ကြောင်း၊ ထိုမှသာ သက်ဆိုင်ရာကဏ္ဍအလိုက် တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း PCAFI မှ ပြောကြားထားသည်ကို တွေ့ရသည်။ Minimum Access Volume (MAV)အတိုင်းတင်သွင်းခွင့်ရှိသည့် ကုန်ပစ္စည်းများတင်သွင်းမှုမှ ကောက်ခံရရှိသည့် အခွန်ငွေများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလက သက်တမ်းကုန်ဆုံး ခဲ့သည့် Agricultural Competitiveness Enhancement Fund အရ ပြည်တွင်းရှိစိုက်ပျိုးရေးတောင်သူများထံသို့ ထောက်ပံ့ပေးရန်လျာထားခဲ့ခြင်းအစား အထွေထွေရန်ပုံငွေသို့လွှဲပြောင်းထည့်သွင်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အဆိုပြုတင်ပြထားသည့် Animal Industry Development and Competitiveness Act အား အတည်ပြု လက်မှတ်ထိုးရန် တွန်းအားပေးဆောင်ရွက်နိုင်မည်ဆိုပါက ကြက်၊ ဝက်မွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်ရေးနှင့် ပြောင်းလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေထဲသို့ ပီဆို ၂၀ ဘီလီယံထိ ထည့်ဝင်ပေးနိုင်မည်ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်ကာလများက ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်ပြီးဆောင်ရွက်နေသည့် အဆိုပါကဏ္ဍများတွင် African Swine Fever(ASF) ကျရောက်ခဲ့ခြင်းကြောင့် ဆုံးရှုံးမှုများပေါ်ပေါက်ခဲ့ခြင်းအပေါ် အစိုးရအနေဖြင့် ပြန်လည်ကုစားရေးဆောင်ရွက်ပေးခြင်းလည်း ဖြစ်စေကြောင်း ဖော်ပြပါရှိသည်။

နောက်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဝက်သား၊ ကြက်သား၊ ပြောင်းတင်သွင်းမှုကို MAV စနစ်ဖြင့် တင်သွင်းရေး ထပ်လောင်းဆွေးနွေးသွားရန်လိုအပ်ကြောင်း၊ လက်ရှိတွင် အဆိုပါကုန်ပစ္စည်းများတင်သွင်းခြင်းကို MAV စနစ်ဖြင့် တင်သွင်းရန်သတ်မှတ်ထားသော်လည်း ဈေးကွက်တွင်းတွင် သတ်မှတ်ထားသည့်ပမာဏထက် ပိုမိုတင်သွင်းနေကြသည်ကို တွေ့ရှိရသည်။ သို့ရာတွင် in quota- out quota စနစ်ဖြင့် တင်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းအများစုမှာလည်း MAV စနစ်ဖြင့် တင်သွင်းရာတွင်ကောက်ခံသည့် အခွန်နှုန်းထားများဖြင့် နှုန်းထားပြိုင်တင်သွင်းနေမှုများလည်းရှိနေကြောင်း PCAFI မှ ပြောကြားထားသည်။ တင်သွင်းသည့်ပမာဏမှာလည်း MAV စနစ်ဖြင့် တင်သွင်းခြင်းထက် ၁၅ ဆခန့်ထိ ပိုမိုကျော်လွန်တင်သွင်းထားကြောင်းကိုလည်း တွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် African Swine Fever နှင့် Avian Influenza တို့ကဲ့သို့သော ရောဂါပိုးမွှားများ တိုက်ဖျက်ရေး အပါအဝင် ကာကွယ်ဆေးများကို ကိုယ်ပိုင်ထုတ်လုပ်နိုင်သည်အထိ စွမ်းဆောင်ရည်မြှင့်တင်ပေးသည့်အစီအစဉ်များ ဖော်ဆောင်ပေးနိုင်ရေး Virology Center များကို တည်ထောင်ပေးသွားရန်လည်း အဆိုပြုတင်ပြထားကြောင်း၊ ၆၉ နှစ်တာ သက်တမ်းရှိ The Livestock and Poultry Feeds Act တွင်လည်း ခေတ်နှင့်လျော်ညီစွာ Aquaculture, game animals, companion animals ဆိုင်ရာကိစ္စရပ်များ လွှမ်းခြုံပါဝင်စေရေး ပြင်ဆင် ရေးဆွဲပေးစေလိုကြောင်းကိုလည်း PCAFI မှ အဆိုပြုတင်ပြထားသည်ဟုလည်း ဖော်ပြထားသည်ကို တွေ့ရသည်။ (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_11072025_09:25

## အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြောင်းထုတ်လုပ်မှုစံချိန်တင်တိုးတက်လာသော်လည်း ပြောင်းအသားတင် တင်သွင်းသည့်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့

အိန္ဒိယနိုင်ငံ၏ ပြောင်းတင်သွင်းမှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၉ ဒသမ ၇ သိန်းသို့ စံချိန်တင်ရောက်ရှိခဲ့ပြီး ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က တင်သွင်းခဲ့သည့် တန်ချိန် ၁ ဒသမ ၃၇ သိန်းထက် ခြောက်ဆတိုး လာခဲ့ကြောင်း၊ တိရစ္ဆာန်အစာ၊ ပြောင်းကော်မှုန့်(starch)နှင့် အီသနောကဲ့သို့သော အဓိကသုံးစွဲသည့်ကဏ္ဍများမှ ပြောင်းလိုအပ်ချက်မြင့်တက်လာမှုကြောင့် အိန္ဒိယနိုင်ငံသည် ယခုနှစ်အတွင်း ပြောင်းအသားတင်တင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး ပို့ကုန်မှာမူ သိသိသာသာ နေးကွေးသွားခဲ့ကြောင်း The Hindu Businessline သတင်း ဌာနက ဇူလိုင်လ ၁၅ ရက်နေ့တွင် ဖော်ပြသည်။

ယခုနှစ်အတွင်း ပြောင်းတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁၄ ဒသမ ၄၂ သိန်းမှ တန်ချိန် ၅ ဒသမ ၅၆ သိန်းသို့ ၆၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရသည်။ ပြောင်းတင်ပို့မှုသည် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က တန်ချိန် ၃၄ ဒသမ ၅၃ သိန်းကျော်စံချိန်တင်တင်ပို့ခဲ့ရာမှ သိသိသာသာကျဆင်းလာခဲ့ခြင်းဖြစ်သည်။ တန်ဖိုးအားဖြင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ ဘီလီယံမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၁ သန်းသို့ ထိုးကျသွားခဲ့ကြောင်း သိရသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ တတိယအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ ပြည်တွင်းပြောင်း ထုတ်လုပ်မှုသည် တန်ချိန် ၄၂၂ ဒသမ ၈၁ သိန်းသို့ စံချိန်တင်ရောက်ရှိခဲ့သော်လည်း ယခင်ဘဏ္ဍာနှစ်က ပြောင်း တင်သွင်းမှုမြင့်တက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ပြောင်းထုတ်လုပ်မှုသည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က တန်ချိန် ၂၂၅ ဒသမ ၆၇ သိန်းခန့်မှ လွန်ခဲ့သော ၁၀ နှစ်အတွင်း နှစ်ဆနီးပါးတိုးတက်လာခဲ့ကြောင်း တွေ့ရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြောင်းတန်ချိန်တစ်သန်းနီးပါးတင်သွင်းခဲ့မှုကြောင့် ယခုနှစ်အတွက် တန်ချိန် ၇ ဒသမ ၇ သိန်းခန့်တင်သွင်းမည်ဟု ခန့်မှန်းထားသော ကုန်သွယ်မှုခန့်မှန်းချက်များကို ကျော်လွန်သွားခဲ့ကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံဟာ မကြာသေးခင်ကမှ ပြောင်းကိုအသားတင်တင်သွင်းတဲ့ နိုင်ငံဖြစ်လာခဲ့ပြီး အာရှမှာ အဓိကတင်ပို့တဲ့ နိုင်ငံအဖြစ် ရပ်တည်ခဲ့တဲ့သမိုင်းဝင်အနေအထားကနေ သိသာတဲ့အပြောင်းအလဲတစ်ခု ဖြစ်လာတယ်"ဟု တိရစ္ဆာန်အစာ

ထုတ်လုပ်သူများ၏ အဓိကကုန်သွယ်ရေးအဖွဲ့အစည်းဖြစ်သော CLFMA အသင်း၏ ဥက္ကဋ္ဌ ဖြစ်သူ Divya Kumar Gulati က ပြောကြားခဲ့သည်။ ပြောင်းကို တိရစ္ဆာန်အစာထုတ်လုပ်မှုကဏ္ဍမှ အများဆုံး အသုံးပြုပြီး ၎င်းနောက်တွင် ပြောင်းကော်မှုန့်နှင့် အီသနော ထုတ်လုပ်သူများက အသုံးပြုကြကြောင်း သိရသည်။

ပြောင်းတင်သွင်းမှုမြင့်တက်လာရခြင်းမှာ အီသနောထုတ်လုပ်မှုတိုးမြှင့်ခြင်း၊ ပြည်တွင်းဝယ်လိုအားက ထုတ်လုပ်မှုကို ကျော်လွန်ခြင်း၊ ပြည်တွင်းဈေးနှုန်းများမြင့်တက်ခြင်းနှင့် တိရစ္ဆာန်အစာဝယ်လိုအားမြင့်တက်ခြင်း စသည့်အကြောင်းအရင်းများ ကြောင့်ဖြစ်သည်ဟု ၎င်းကပြောကြားခဲ့သည်။ "အဓိကအကျဆုံးအချက်ကတော့ ဇီဝလောင်စာရောစပ်မှုပန်းတိုင်ရည်မှန်းချက် ကိုပြည့်မီဖို့အတွက် အီသနောထုတ်လုပ်မှု၊ အထူးသဖြင့် ပြောင်းအခြေခံအီသနောထုတ်လုပ်မှုကို အရှိန်အဟုန်နဲ့ တိုးမြှင့်နေတာပဲ ဖြစ်တယ်"ဟု ၎င်းကပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အစိုးရသည် မိုးခေါင်မှုစိုးရိမ်ချက်များကြောင့် အီသနော အတွက် ကြံအသုံးပြုမှုကိုကန့်သတ်ခဲ့ရာ အရက်ချက်စက်ရုံများက ပြောင်းကိုအစားထိုးကုန်ကြမ်းအဖြစ် အဓိကအားကိုးလာခဲ့ပြီး တင်သွင်းမှုများမြင့်တက် လာခဲ့ကြောင်း သိရသည်။

"ပြည်တွင်းပြောင်းထုတ်လုပ်မှုတိုးတက်လာပေမဲ့ ကြက်စာနဲ့ ပြောင်းကော်မှုန့်ထုတ်လုပ်မှုကဏ္ဍတွေရဲ့ ဝယ်လိုအား အပြင် အီသနောကဏ္ဍရဲ့ ဝယ်လိုအားအသစ်တွေကြောင့် ပြည်တွင်းထောက်ပံ့နိုင်မှုအတိုင်းအတာကို ကျော်လွန်သွားတယ်"ဟု Gulati က ပြောကြားခဲ့သည်။ ထို့ပြင် ကမ္ဘာ့တစ်ဝန်းတွင် မျိုးရိုးဗီဇပြုပြင်မထားသော (non-GM) ပြောင်းထောက်ပံ့နိုင်သည့် ရင်းမြစ်များမှာ အကန့်အသတ်ဖြင့်သာရရှိနိုင်ခြင်းကလည်း ပြည်တွင်းဈေးနှုန်းများမြင့်တက်လာမှုအပေါ် အထောက်အကူ ဖြစ်စေခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် မျိုးရိုးဗီဇပြုပြင်မထားသော ပြောင်းကိုသာတင်သွင်းပြီး အဓိက တင်သွင်းသည့်နိုင်ငံများမှာ မြန်မာနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

IGrain India မှ Rahul Chauhan က အီသနောထုတ်လုပ်မှုတိုးမြှင့်ခြင်းသည် တိရစ္ဆာန်အစာကဏ္ဍ၏ ဝယ်လိုအားအပြင် ပြောင်းတင်သွင်းမှုမြင့်တက်ရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ သို့သော် မကြာသေးမီရက်များအတွင်း အရက်ချက်စက်ရုံများမှထွက်ရှိသော ဘေးထွက်ပစ္စည်း(Distillers' Dried Grains with Solubles-DDGS)များ ပိုမိုရရှိလာခြင်းကြောင့် တိရစ္ဆာန်အစာကဏ္ဍမှ ပြောင်းအသုံးပြုမှုမှာ အတိုင်းအတာတစ်ခုအထိလျော့ကျသွားနိုင် သည်ဟု ၎င်းကပြောကြားခဲ့သည်။ အဆိုပါ DDGS သည် ပြောင်းနှင့်ဆန်ကွဲ သို့သောကောက်နှံများကို ကုန်ကြမ်းအဖြစ် အသုံးပြု သည့် အီသနောထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ဘေးထွက်ပစ္စည်း တစ်ခုဖြစ်ကြောင်း သိရသည်။

မကြာသေးမီက အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး Shivraj Singh က အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင် ပြောင်းထုတ်လုပ်မှု ကို တန်ချိန် ၈၆ သန်းအထိ နှစ်ဆတိုးမြှင့်နိုင်သည့်အလားအလာရှိသည်ဟု ပြောကြားခဲ့သည်။ လက်ရှိခါရစ်(မိုးရာသီ) သီးနှံ စိုက်ပျိုးရာသီတွင် တောင်သူများသည် ပြောင်းစိုက်ကေများကို တိုးချဲ့စိုက်ပျိုးလျက် ရှိရာ ဇူလိုင်လ ၁၁ ရက်နေ့စာရင်းများအရ ဟက်တာ ၆၁ ဒသမ ၈၈ သိန်းရှိပြီး ယခင်နှစ် အလားတူကာလက ဟက်တာ ၅၉ ဒသမ ၇၃ သိန်းထက် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

Source: The Hindu Businessline, India was a net importer of maize in 2024-25 despite record output, July 15, 2025 , (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21072025_14:55

## ဗီယက်နမ်နိုင်ငံစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် ကြံသကြားထွက်ကုန်အချို့အတွက် ကုန်သွယ်မှုရှောင်လွှဲခြင်းမှ တားဆီးရေးအစီအမံများနှင့်ပတ်သက်၍ တင်ပို့သူအသစ်သုံးသပ်ချက်ရလဒ်များထုတ်ပြန်

ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က ဆုံးဖြတ်ချက်အမှတ် 1514/QD-BCT ဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်စ်သမ္မတနိုင်ငံ၊ မလေးရှားနှင့် မြန်မာ နိုင်ငံတို့မှ(အမှုတွဲအမှတ် AC02-13.AS01)ဖြင့် တင်သွင်းလာသော ကြံသကြား ထွက်ကုန်အချို့အပေါ် ကုန်သွယ်မှုရှောင်လွှဲခြင်းမှ တားဆီးရေးအစီအမံများကျင့်သုံးဆောင်ရွက်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဆုံးဖြတ်ချက်အမှတ် 1708/QD-BCT ဖြင့် ကြံသကြားထွက်ကုန်အချို့အတွက် ကုန်သွယ်မှုရှောင်လွှဲခြင်းမှ တားဆီးရေးအစီအမံများနှင့်ပတ်သက်၍ အမှုတွဲအမှတ် AC02-AD13.AS01 တို့အတွက် တင်ပို့သူအသစ် ပြန်လည်သုံးသပ်မှုရလဒ်များ ကြေညာခဲ့သည်။

ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် Delicious Food Limited မှ တင်ပို့သူအသစ်အဖြစ် လျှောက်ထားသည့် အဆိုပြုချက်အပေါ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်စစ်ဆေးခဲ့ကြောင်း၊ အမှုအားစုံစမ်းစစ်ဆေးရာတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားကုန်သွယ်မှု စီမံခန့်ခွဲရေးဥပဒေပါ သက်ဆိုင်ရာဥပဒေပုဒ်မ အတော်များများကို တိတိကျကျလိုက်နာဆောင်ရွက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

အဆိုပါစုံစမ်းရေးလုပ်ငန်းစဉ်အား သေချာစွာသုံးသပ်ပြီးနောက် ဗီယက်နမ်နိုင်ငံစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန သည် Delicious Food Limited ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် သကြားကိုတင်ပို့သူအသစ်အဖြစ် အတည်ပြုခဲ့ကြောင်း ဖော်ပြထားသည်။

Delicious Food ကုမ္ပဏီအား ထိုင်းနိုင်ငံမှ ကြံသကြားထွက်ကုန်အပေါ် ကုန်သွယ်မှုကာကွယ်ရေး အစီအမံများကို ရှောင်လွှဲခြင်းမရှိကြောင်း စုံစမ်းစစ်ဆေးမှုအပြီးတွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မကြာမီကာလအတွင်း စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် ကြံသကြားထွက်ကုန်များတင်သွင်းမှုကို ကြီးကြပ် ကွပ်ကဲရန် အကောက်ခွန်အာဏာပိုင်များ၊ သက်ဆိုင်ရာအေဂျင်စီများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း ဖော်ပြထားသည်။ ကြံသကြားထုတ်လုပ်မှုအတွက် တရားမျှတမှု၊ သာတူညီမျှမှုနှင့် မျှတသောပတ်ဝန်းကျင်ကို ဖန်တီးရန်အတွက် ကုန်သွယ်မှုကာကွယ်ရေးအစီအမံများ၏ အကျိုးသက်ရောက်မှု၊ ထုတ်လုပ်မှုအခြေအနေ၊ ရောင်းလိုအား ဈေးနှုန်းစသည့်တို့ကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

Source: https://trav.gov.vn/default.aspx?page=news-detail&do=detail&categoryid

(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန်နွိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21072025_15:09

## တရုတ်နိုင်ငံဈေးကွက်သို့ ကမ္ဘောဒီးယားဒူးရင်းသီးများ တင်သွင်းခွင့်ရရှိ

ကမ္ဘောဒီးယား၏ လတ်ဆတ်သောဒူးရင်းသီးသည် တရုတ်ဈေးကွက်သို့တင်ပို့ခွင့်ရရှိသည့် ပဉ္စမမြောက်သစ်သီးဖြစ် ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးဝမ်ဝမ်ဘင်(Wang Wenbin)က ၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် မကြာသေးမီက တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့ (General Administration of Customs of China -GACC)သည် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မည့် သစ်သီးများ အတွက် မှတ်ပုံတင်ထားသော သစ်သီးခြံများစာရင်းနှင့် သစ်သီးထုပ်ပိုးသည့်စက်ရုံများစာရင်းကို အသစ်ပြင်ဆင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါစာရင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မည့် လတ်ဆတ်သော ဒူးရင်းသီးများအတွက် မှတ်ပုံတင် ထားသည့် သစ်သီးခြံများနှင့် စက်ရုံများစာရင်းကို ထည့်သွင်းဖော်ပြထားသဖြင့် ယင်းသည် ကမ္ဘောဒီးယားဒူးရင်းသီးများ၏ တရုတ်ဈေးကွက်သို့ တင်ပို့ရန်လိုအပ်သောလုပ်ငန်းစဉ်များ အားလုံးပြီးမြောက်ပြီးဖြစ်သည်ဟု ညွှန်ပြနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဒူးရင်းသီးသည် ၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့တင်ပို့ခွင့်ရရှိသည့် ကမ္ဘောဒီးယား၏ပထမဆုံး အရည်အသွေးမြင့် စိုက်ပျိုးရေးထွက်ကုန်ဖြစ်ပြီး တရုတ်-ကမ္ဘောဒီးယား လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု၏ နောက်ထပ်အောင်မြင်မှု တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ ကမ္ဘောဒီးယားမှ တရုတ်နိုင်ငံသို့တင်ပို့နိုင်သည့် သစ်သီး ၅ မျိုးရှိပြီး ၎င်းတို့မှာ ငှက်ပျောသီး၊ သရက်သီး၊ နွင်းသီး(longans)၊ အုန်းသီးနှင့် ဒူးရင်းသီးတို့ဖြစ်ကြသည်။

အရင်းမြစ်။ https://en.people.cn/n3/2025/0709/c90000-20337954.html, (လျှန်ရှုန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17072025_15:03

## ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆ ဘီလီယံရရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် သီဟိုဠ်စေ့တန်ချိန် ၃၄၆,၈၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆ ဘီလီယံရရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဌာန၏ စာရင်းအချက်အလက်များအရ သိရသည်။

အဆိုပါကိန်းဂဏန်းများသည် တစ်နှစ်ထက်တစ်နှစ် ပမာဏအားဖြင့် ၂ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျသွား သော်လည်း တန်ဖိုးအနေဖြင့် ၂၀ ဒသမ ၄ ရာခိုင်နှုန်းတိုးလာကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့တင်ပို့မှုသည် ၆ လတာကာလအတွင်း ပျမ်းမျှပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆,၈၀၅ ကျော်ရှိပြီး ၂၀၂၄ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

တရုတ်၊ အမေရိကန်နှင့်နယ်သာလန်တို့သည် အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ သီဟိုဠ်စေ့ အများဆုံး တင်သွင်းသည့်နိုင်ငံများဖြစ်ကြပြီး စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၂၂ ရာခိုင်နှုန်း၊ ၂၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၈ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးရှိကြောင်း ရေးသားဖော်ပြထားသည်။

၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် သီဟိုဠ်စေ့တင်ပို့မှုမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံအထိရည်မှန်းထားပြီး တစ်နှစ်ထက်တစ်နှစ် ၂ ဒသမ ၇ ရာခိုင် နှုန်းတိုးမြင့်လာကြောင်း ဖော်ပြထားသည်။

Source: VN Economy, (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး။ ဟန္နိုင်းမြို့)

https://myantrade.gov.mm/article/STP(YGn)_23072025_12:59

## ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ တစ်စိတ်တစ်ပိုင်းပြန်လည်တင်သွင်းခွင့်ပြုခဲ့

ဂျပန်နိုင်ငံနှင့်တရုတ်နိုင်ငံအကြား စစ်ရေးအရတင်းမာမှုများ မြင့်တက်လျက်ရှိသော်လည်း နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်လာစေရေးနှင့် ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုများ လျော့နည်းလာစေရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တစ်စိတ်တစ်ပိုင်းပြန်လည် တင်သွင်းခွင့်ပြုခဲ့ကြောင်း ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် “China partially lifts ban on Japanese seafood imports in bid to ease frictions” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ဂျပန်နိုင်ငံ၏အဓိကပို့ကုန်တစ်ခုဖြစ်သည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ ပြန်လည်တင်သွင်းခွင့်ပြုခဲ့ခြင်းမှာ ဂျပန်နိုင်ငံအတွက်ကြီးမားသည့် အပြောင်းအလဲတစ်ခုဖြစ်ကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီး Shinjiro Koizumi က ပြောကြားထားကြောင်း၊ ဖူကူရှီးမား အမှတ်(၁) နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများကို ပင်လယ်ထဲသို့စွန့်ပစ်ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှရေထွက်ကုန်များအားလုံးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမှစတင်၍ တင်သွင်းခွင့်ပိတ်ပင်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှစတင်၍ ပထမဆုံးအကြိမ်ပြန်လည်တင်သွင်းခွင့်ပြုခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ဒေသအချို့မှ ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဖူကူရှီးမား၊ မီရာဂီနှင့် တိုကျိုအပါအဝင် ပြည်နယ် ၁၀ ခု သည် ပြန်လည်တင်သွင်းခွင့်ပြုခဲ့သည့် ပြည်နယ်များတွင်မပါရှိသေးကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အဆိုပါကျန်ရှိသည့်ပြည်နယ် ၁၀ ခုအပါအဝင် ဂျပန်နိုင်ငံ၏အမဲသားကို တရုတ်နိုင်ငံဘက်မှ ပြန်လည်တင်သွင်းခွင့်ပြုရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ် Kazuhiko Aoki က ပြောကြားထားကြောင်း ဖော်ပြထားသည်။

ဖူကူရှီးမားအမှတ်(၁)နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများစွန့်ပစ်ထားမှုကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏မူဘောင်အရ စောင့်ကြည့်လေ့လာမှုများပြုလုပ်သွားရန် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် သဘောတူညီမှုရရှိခဲ့ကြကြောင်း၊ ဂျပန်နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်းလာမည့် ရေထွက်ကုန်လုပ်ငန်းများစာရင်းကို တရုတ်နိုင်ငံတွင် မှတ်ပုံတင်ရန်နှင့်မှတ်ပုံတင်ပြီးသည့် ကုမ္ပဏီများမှတင်သွင်းလာမည့် ရေထွက်ကုန်များသည် ပိုးမွှားရောဂါကင်းရှင်းကြောင်းနှင့် ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများဖြစ်သည့် Cesium နှင့် Iodine ကင်းရှင်းကြောင်း စစ်ဆေးချက်အထောက်အထားများနှင့် ပင်ရင်းသက်သေခံလက်မှတ်များ ပူးတွဲတင်ပြလာသည့်ရေထွက်ကုန်များကိုသာ တင်သွင်းခွင့်ပြုသွားရန် ၂၀၂၅ ခုနှစ် မေလတွင် တရုတ်နိုင်ငံဘက်မှ သဘောတူညီခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား မဟာဗျူဟာမြောက်ယှဉ်ပြိုင်မှုမှာ ပိုမိုပြင်းထန်လာသည့်အတွက် ဂျပန်နိုင်ငံနှင့်ဆက်ဆံရေးကို တည်မြဲစေလို၍လည်းကောင်း၊ ဂျပန်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမို

အားကောင်းလာစေရေးအတွက်လည်းကောင်း ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံဘက်မှ တစ်စိတ်တစ်ပိုင်း ပြန်လည်တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15072025_14:46

## အင်ဒိုနီးရှားနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်အရ အင်ဒိုနီးရှားအပေါ် သွင်းကုန်ခွန် ၁၉ ရာခိုင်နှုန်းသာထားရှိမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့

အမေရိကန်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ကုန်သွယ်ရေးအပေးအယူညှိနှိုင်းမှုသည် ပဏာမသဘောတူညီချက်ရရှိပြီးဖြစ်ကြောင်းနှင့် အင်ဒိုနီးရှားနိုင်ငံ၏သွင်းကုန်များအပေါ် အခွန် ၁၉ ရာခိုင်နှုန်းသာ သတ်မှတ် သွားမည်ဟု ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်တွင် သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့ကြောင်း CNBC အွန်လိုင်း သတင်း၌ ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတက "အမေရိကန်နိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ သွင်းကုန်ခွန်ပေးဆောင်ရန် လိုမည်မဟုတ်ကြောင်း၊ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံအား ဈေးကွက်ဝင်ရောက်ခွင့်ကို ဖွင့်ပေးမည်ဖြစ်ကြောင်း၊ ယင်းအချက်များသည် ကုန်သွယ်ရေးအပေးအယူသဘောတူညီချက်၏ အဓိကကျသည့် အစိတ်အပိုင်းများဖြစ်ပြီး အခြားအချက်တစ်ခုမှာ အင်ဒိုနီးရှားနိုင်ငံက သွင်းကုန်ခွန် ၁၉ ရာခိုင်နှုန်းသာ ပေးရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ကြောင်း၊ အမေရိကန်သမ္မတက ယခုကဲ့သို့အပေးအယူညှိနှိုင်းမှုသည် ၎င်းနှင့် အင်ဒိုနီးရှားသမ္မတတို့အကြား တိုက်ရိုက်ဆွေးနွေး၍ သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက် ၂၅ နိုင်ငံတွင်ပါဝင်ပြီး အမေရိကန်ကုန်သန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံနှင့် အမေရိကန်နိုင်ငံ၏ကုန်သွယ်မှုလိုငွေ ၁၇ ဒသမ ၉ ဘီလီယံရှိခဲ့ ကြောင်းသိရပြီး အမေရိကန်နိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏သွင်းကုန်များအပေါ် သွင်းကုန်ခွန် ၃၂ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း ယခင်ရက်သတ္တပတ်အတွင်း ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်ဖြစ်သည့် ဗီယက်နမ်နိုင်ငံနှင့်ပဏာမသဘောတူညီချက်ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင်ရရှိခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ကုန်သွယ်ရေးအပေးအယူသဘောတူညီချက် ဇူလိုင် လ ၁၅ ရက်တွင် ထပ်မံရရှိခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် ကုန်သွယ်ရေးအပေးအယူသဘောတူညီချက်တွင်လည်း အမေရိကန်ကုန်ပစ္စည်းများအပေါ် ဗီယက်နမ်နိုင်ငံက သွင်းကုန်ခွန်သုညရာခိုင်နှုန်းသတ်မှတ်ပေးခဲ့ခြင်းနှင့် အမေရိကန်ကုန်ပစ္စည်းများကို ဗီယက်နမ်ဈေးကွက်သို့ဝင်ရောက်ခွင့်ပြုခဲ့ခြင်းများပါဝင်ကြောင်းနှင့် အမေရိကန် နိုင်ငံက ဗီယက်နမ်သွင်းကုန်များအပေါ် သွင်းကုန်ခွန် ၂၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်းဖြင့် ဖော်ပြခဲ့သည်။ Source: CNBC News

https://www.cnbc.com/2025/07/15/trump-indonesia-trade-tariffs.html ,(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Souece: https://myantrade.gov.mm/article/STP(Ygn)_18072025_15:19

## ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နှင့် အခွန်ဆိုင်ရာညှိနှိုင်းမှုတွင် ဗီယက်နမ်၏ပုံစံကိုအတုယူရန် ထိုင်းဘဏ် အဖွဲ့အစည်းများက မျှော်လင့်ထားကြ

ထိုင်းကုန်စည်များအပေါ်အခွန် ၃၆ ရာခိုင်နှုန်းကောက်ခံမည့် အမေရိကန်၏အဆိုပြုချက်သည် ထိုင်းပို့ကုန်ယှဉ်ပြိုင်နိုင်မှုကို ဆိုးရွားစွာကျဆင်းစေမည်ဖြစ်ကြောင်း ထိုင်းဘဏ်အဖွဲ့အစည်းများမှစီးပွားရေးပညာရှင်များကသတိပေးပြောကြားခဲ့သည်။

အမေရိကန်နှင့်ညှိနှိုင်းမှုတွင် အကောင်းဆုံးရလဒ်သည် အခွန်နှုန်းထားကို ဗီယက်နမ်ကိုပေးခဲ့သည့်နှုန်းထားနှင့်တူညီသော ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းဖြစ်သင့်ကြောင်း၊ အဆိုပြုထားသည့် ၃၆ ရာခိုင်နှုန်းကဲ့သို့အပြီး သတ်နှုန်းထားသည် မြင့်မားနေပါက ထိုင်းပို့ကုန်လုပ်ငန်းရှင်များအတွက် ပြင်းထန်စွာဆိုးကျိုးဖြစ်စေမည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်တွင်လည်း ယှဉ်ပြိုင်ရန် အလွန်အမင်းခက်ခဲသွားမည်ဖြစ်ကြောင်း၊ ဖိအားအများဆုံးစိုးရိမ်မှုမှာ ဗီယက်နမ်သည် အခွန် ၂၀ ရာခိုင်နှုန်းဖြင့် သေချာနေခဲ့ပြီဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် အခွန် သိသိသာသာမြင့်မားနေပါက နိုင်ငံခြားကုမ္ပဏီများသည် ဗီယက်နမ်သို့ ပြောင်းရွှေ့သွားနိုင်ရာ ထိုင်းနိုင်ငံစီးပွားရေးကို ရေရှည်တွင်ပျက်စီးစေမည်ဖြစ်ကြောင်း ဗန်ကောက်ဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Kobak Pootrakool က သုံးသပ်ပြောကြားခဲ့သည်။

အမေရိကန်သည် ထိုင်းပို့ကုန်၏ ၁၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အခွန်နှုန်းထား ၃၆ ရာခိုင်နှုန်းဖြစ်ပါက အမေရိကန်သို့ ပို့ကုန်သည် ၁၀ ရာခိုင် နှုန်းကျဆင်းသွားနိုင်ရာ နှစ်နိုင်ငံကုန်သွယ်ရေး ဆက်သွယ်ဆောင်ရွက်မှုသည် ရေရှည်တွင် အားနည်းသွားနိုင်ကြောင်း၊ အစိုးရအနေဖြင့် ပို့ကုန်ဈေးကွက်အသစ်များသို့ ပြောင်းလဲတိုးချဲ့သင့်ပြီး သက်ရောက်မှုကိုသက်သာစေရန် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ပို့ကုန်ချေးငွေများ ထောက်ခံပေးသင့်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အများဆုံး တင်သွင်းနေရသည့် ပဲပုပ်ကဲ့သို့သော သီးနှံအချို့အတွက် အခွန်သည်ပယ်ဖျက်နိုင်ကြောင်း၊ သို့သော် အခြားသော စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များအတွက် ပြည်တွင်းထုတ်လုပ်သူများကို ထောက်ပံ့ပေးရန် အထူးကာလများ သို့မဟုတ် ဘတ်ဂျက် ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးသင့်ကြောင်း ၎င်းက အကြံပြုထားသည်။

စီးပွားရေးနှေးကွေးနေသော်လည်း ဘတ်ငွေအခိုင်မာဆုံးဖြစ်နေသည်မှာ ၂ နှစ်၊ ၃ နှစ်ရှိပြီဖြစ်ကြောင်း၊ အမေရိကန် အခွန်၏သက်ရောက်မှုကိုလျော့ပါးစေရန် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယ၊ အရှေ့အလယ်ပိုင်း၊ တရုတ်နှင့် အရှေ့တောင်အာရှသို့ ခွဲထွက်စေလိုကြောင်း၊ အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ထိုင်းချေးငွေအာမခံကော်ပိုရေးရှင်းမှတစ်ဆင့် ပို့ကုန်ချေးငွေများ အာမခံပေးစေလိုကြောင်း Mr. Kobak က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် အနိုင်ရလဒ်ကို ရည်ရွယ်နေခြင်းထက် အပေးအယူညှိနှိုင်းမှုဗျူဟာကိုလည်း လက်ခံကျင့်သုံးသင့်ကြောင်း၊ အမေရိကန် -ဗီယက်နမ်စေ့စပ်ဆွေးနွေးမှုကိုကိုးကား၍ ထိုင်းနိုင်ငံသည် ၎င်း၏ဈေးကွက်ကိုထပ်မံဖွင့်လှစ်ရန်၊ အမေရိကန်ထုတ်ကုန်များအတွက် သွင်းကုန်အခွန်လျှော့ချရန်၊ အကောက်ခွန်မဲ့အတားအဆီးများကို ဖယ်ရှားရန်နှင့် လိမ်လည်သောမှုရင်းတံဆိပ်ကပ်ခြင်းတို့ကိုဖြေရှင်းရန် အမေရိကန်အနေဖြင့်မျှော်လင့်နိုင်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဲ့သို့သော ထိလွယ်ရှလွယ်ဖြစ်သည့်ကဏ္ဍများကို တဖြည်းဖြည်းဖြေလျှော့သင့်ကြောင်း၊ စိုက်ပျိုးရေးသည် ထိုင်းနိုင်ငံစီးပွားရေးအတွက် မဏ္ဍိုင်ဖြစ်ပြီး လူဦးရေအများစု၏ အလုပ် လုပ်ကိုင်ရာနေရာဖြစ်နေသော်လည်း ရေတိုအကျိုးသက်ရောက်မှုကို လျော့ပါးစေရန် အစိုးရအနေဖြင့် အစီအမံများဆောင်ရွက်နိုင်ကြောင်း Kiatnakin Phatra Financial Group စီးပွားရေးပညာရှင်ချုပ် Mr. Pipat Luengnaruemitcha က အကြံပြုပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် ၎င်း၏ ယှဉ်ပြိုင်မှုကို ခိုင်မာစေရန် တန်ဖိုးမြင့်ပြီး နည်းပညာမြင့်မားသော ရင်းနှီးမြှုပ်နှံမှုများကို သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့နှင့် လျှပ်စစ်သုံးယာဉ်အစိတ်အပိုင်းထုတ်လုပ်ခြင်း၊ ဉာဏ်ရည်တု Hardware ထုတ်လုပ်ခြင်းနှင့် အချက်အလက်စင်တာတို့တွင် အခွန်ခရက်ဒစ်များပေးခြင်းဖြင့် ဆွဲဆောင်နိုင်ကြောင်း၊ လျင်မြန်ပြီးဗျူဟာကျသောဆုံးဖြတ်ချက်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနတို့အပြင် ပုဂ္ဂလိကကဏ္ဍမှလည်း ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းအဖွဲ့လိုအပ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းပို့ကုန်များအပေါ် အမေရိကန်က အခွန်ပိုမိုကောက်ခံခဲ့ပါက အီလက်ထရောနစ်နှင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများတွင် သက်ရောက်မှုကြီးနိုင်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ခရီးသွားနှင့် ကျန်းမာရေး စောင့်ရှောက်မှုများတွင် ဝန်ဆောင်မှုမြင့်မြင့်မားမားပေးခြင်းဖြင့် ထုတ်လုပ်မှုပို့ကုန်အပေါ် သက်ရောက်မှုကို ခုခံနိုင်မည်ဖြစ်ကြောင်း UOB Thailand ၏ စီးပွားရေးပညာရှင် Mr. Sathit Tala-engsatya က ဖြည့်စွက်အကြံပြုထားသည်။

Source: www.bangkokpost.com ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18072025_15:04

## ရုရှားနိုင်ငံ၏ ဓာတ်မြေဩဇာတင်ပို့မှု ပထမ ၆ လအတွင်း ၈ ရာခိုင်နှုန်းတိုးမြင့်

ရုရှားနိုင်ငံမှ ကုမ္ပဏီများသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ ဇွန်လအတွင်း ဓာတ်မြေဩဇာတင်ပို့မှုသည် ပမာဏအားဖြင့် တန်ချိန် ၂၂ ဒသမ ၇ သန်းအထိရောက်ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း ရုရှားဓာတ်မြေဩဇာထုတ်လုပ်သူများအသင်း(Russian Association of Fertilizer Producers- RAFP)မှ သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံ၏ ဓာတ်သတ္တုဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၆၅ သန်းအထိ၊ ၃ ရာခိုင်နှုန်း တိုးတက်လာနိုင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုသည် တန်ချိန် ၄၄ သန်းအထိ၊ ၅ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း

အဆိုပါအသင်း၏ဥက္ကဋ္ဌ Mr. Andrey Guryev က အစောပိုင်းတွင် ပြောကြားခဲ့သည်။ ယင်းပမာဏနှစ်ခုလုံးသည် စံချိန်အသစ်တင်နိုင်ဖွယ်ရှိသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ဓာတ်မြေသြဇာထုတ်လုပ်နိုင်မှုသည် တန်ချိန် ၆၃ သန်းရှိခဲ့ပြီး တင်ပို့နိုင်မှုသည် တန်ချိန် ၄၂ သန်းအထိစံချိန်တင်မှတ်တမ်းရရှိခဲ့သည်။

ရုရှားနိုင်ငံမှ ဓာတ်မြေသြဇာအဓိကတင်ပို့သောနိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှား စသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

Source : https://tass.ru/ekonomika/24516389, (ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17072025_14:20

## ၂၀၂၅ ခုနှစ်၏ ပထမ ၆ လ အတွင်း တရုတ်-ဗီယက်နမ် ကုန်တင်ရထားပို့ဆောင်မှု သုံးဆနီးပါး မြင့်တက်လာ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(Guangxi Zhuang Autonomous Region)မှ ဗီယက်နမ်နိုင်ငံသို့ထွက်ခွာသော ကုန်တင်ရထားများသည် ၂၀၂၅ ခုနှစ် ပထမ ၆ လအတွင်း ကုန်ပစ္စည်း ၁၈,၈၇၀ TEU ကို ပို့ဆောင်နိုင်ခဲ့ပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၈၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း China Railway Nanning Group က ထုတ်ပြန်ခဲ့သည်။

China Railway Nanning Group ၏ နန်နင်းရထားပို့ဆောင်ဆက်သွယ်ရေးစင်တာ (Nanning Railway Logistics Center)မှထုတ်ပြန်ချက်များအရ ယခုကာလအတွင်း ကွမ်ရှီးမှ ဗီယက်နမ်သို့ပို့ဆောင်သော ကားအစိတ် အပိုင်းများ(Auto parts) နှင့် ဖိုင်ဘာဘုတ်များ(fiberboard)၏ ပမာဏသည် ကုန်သေတ္တာ ၂,၅၂၈ TEU နှင့် ၄,၅၈၀ TEU အသီးသီးရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၀၀ ရာခိုင်နှုန်းနှင့် ၃၉၈ ရာခိုင်နှုန်းစသည်ဖြင့် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ထူးခြားသောဆောင်ရွက်မှုတစ်ခုအနေဖြင့် တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ကျန်စူး (Jiangsu) ပြည်နယ်နှင့် တောင်ပိုင်းရှိ ကွမ်တုံ(Guangdong)ပြည်နယ်တို့မှ မော်တော်ကားများနှင့် မော်တော်ဆိုင်ကယ် အစိတ်အပိုင်းများကို ပြည်တွင်းရထားများဖြင့် နန်နင်းအပြည်ပြည်ဆိုင်ရာရထားဘူတာရုံသို့ သယ်ယူခဲ့ကြပြီးနောက် တရုတ်-ဗီယက်နမ် အပြည်ပြည်ဆိုင်ရာကုန်တင်ရထား များဖြင့် ဗီယက်နမ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်ခြင်းဖြင့် ပို့ဆောင်ရေးကဏ္ဍ၏ ကြီးမားသော အောင်မြင်မှုအသစ်ကို ဖြစ်ပေါ်စေခဲ့သည်။

၂၀၂၅ ခုနှစ်တွင် တရုတ်-ဗီယက်နမ်ကုန်တင်ရထားများ၏ ပုံမှန်ခရီးစဉ်အရေအတွက်ကို တစ်ပတ်လျှင် ၅ ကြိမ်မှ ၁၄ ကြိမ်အထိတိုးမြှင့်ခဲ့ပြီး တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုအတွက် ပိုမိုများပြားသော သယ်ယူပို့ဆောင်ရေး ရွေးချယ်စရာများ အဖြစ် ပံ့ပိုးပေးနိုင်ခဲ့သည်။ လက်ရှိအချိန်တွင် ကွမ်ရှီးဒေသ၏မြို့တော်ဖြစ်သော နန်နင်းမြို့မှ ဗီယက်နမ်နိုင်ငံရှိ ရန်ဗီယင်မြို့(Yen Vien)သို့ ကုန်တင်ရထားဖြင့် အမြန်ဆုံးပို့ဆောင်နိုင်သည့် ကြာချိန်အနေဖြင့် ၁၄ နာရီသာကြာမြင့်မည်ဖြစ်သည်။

ယနေ့အချိန်အထိ ကွမ်ရှီးဒေသမှထွက်ခွာသော တရုတ်-ဗီယက်နမ် ကုန်တင်ရထားများသည် ကုန်ပစ္စည်းအမျိုးအစား ပေါင်း ၃၈၀ ကျော်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ကျန်စူး(Jiangsu)ပြည်နယ်၊ ကွမ်တုံ (Guangdong) ပြည်နယ်နှင့် တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဟေးဘေ(Hebei)ပြည်နယ်တို့အပါအဝင် တရုတ်နိုင်ငံ၏ ပြည်နယ်ပေါင်း ၂၅ ခုမှ ကုန်စည်များကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်တင်ရထားလမ်းကြောင်းများသည် ယခုအခါ ဗီယက်နမ်၊ လာအိုနှင့် ထိုင်းနိုင်ငံ များအပါအဝင်အရှေ့တောင်အာရှနိုင်ငံများစွာသို့ ကျယ်ပြန့်စွာဖြန့်ကျက်လျက်ရှိပြီးတရုတ်-အာဆီယံစီးပွားရေးနှင့်ကုန်သွယ်ရေး ဆက်သွယ်မှုများအတွက် "အမြန်လမ်း"(fast track) တစ်ခုအဖြစ် ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

အရင်းမြစ်။ https://en.people.cn/n3/2025/0711/c90000-20338875.html, (လျှန်ရှုန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

https://myantrade.gov.mm/article/STP(Ygn)_17072025_14:53

## ကြေးနီသွင်းကုန်များအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းသတ်မှတ်မည်ဖြစ်ကြောင်း သမ္မတထရမ့်ကဆို

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကြေးနီသွင်းကုန်များအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းကောက်ခံသွားမည်ဖြစ် ကြောင်း အစိုးရအဖွဲ့အစည်းအဝေး၌ သတင်းဌာနများ၏ မေးခွန်းကိုဖြေကြားစဉ် ပြောကြားခဲ့ကြောင်း သိရသည်။ သမ္မတ ထရမ့် က“ဆေးဝါးပစ္စည်း၊ Chipsနှင့် အခြားကုန်ပစ္စည်းအမျိုးမျိုးနှင့်ပတ်သက်၍ သွင်းကုန်ခွန်ချမှတ်ရန်ကြေညာသွားမည်ဖြစ်ကြောင်း၊

သံမဏိသွင်းကုန်များအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းအထိသတ်မှတ်ခဲ့ပြီး အလူမီနီယံသွင်းကုန်များကိုလည်း အလားတူ ၅၀ ရာခိုင်နှုန်းသတ်မှတ်ခဲ့ကြောင်း၊ သစ်သားထုတ်ကုန်ပစ္စည်းများကိုလည်း သွင်းကုန်ခွန်သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် ကြေးနီသွင်းကုန်များအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းသတ်မှတ်မည့်အမိန့်ကို ထုတ်ပြန်သွားရန်ရှိကြောင်း ပြောကြားခဲ့သည်။

သမ္မတထရမ့်က ကြေးနီသွင်းကုန်များအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် ကြေးနီဈေးနှုန်းများမြင့်တက်ခဲ့ပြီး ကြေးနီကုမ္ပဏီများဖြစ်သည့် Freeport McMoRan နှင့် Southern Copper တို့၏ စတော့ရှယ်ယာဈေးနှုန်းများနှင့် အမေရိကန်ကြေးနီအညွှန်းကိန်းတို့လည်း မြင့်တက်ခဲ့ကြောင်း သိရသည်။

Source: Fox Business News

https://www.foxbusiness.com/live-news/investors-eye-trump-trade-deals-tariffs-amazon-prime-day-hit-by-rivals-live-updates, (ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_11072025_09:21

## အင်ဒိုနီးရှားနိုင်ငံသည် နေ့စဉ် ဆီထုတ်လုပ်မှုအား စည်ပေါင်း ၁ သန်းအထိ မြှင့်တင်နိုင်ရန် ရည်မှန်းထား

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် နိုင်ငံ၏ စွမ်းအင်လုံခြုံရေးကို အားကောင်းစေရန်အတွက် တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ သန်းအား ၂၀၂၉ သို့မဟုတ် ၂၀၃၀ ခုနှစ်တွင် ထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း စွမ်းအင်နှင့် သတ္တုရင်းမြစ်ဆိုင်ရာဒုဝန်ကြီး Yuliot Tanjung က ဇူလိုင်လ ၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ရည်မှန်းချက် အောင်မြင်ရန် အစိုးရမှ စည်ပေါင်း ၅၈၀,၀၀၀ မှ ၆၀၀,၀၀၀ ကြားရှိသည့် ပြည်တွင်း ရေနံထုတ်လုပ်မှုကို အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ အစိုးရမှ၎င်းတို့၏ထုတ်လုပ်မှုကို မြှင့်တင်ရန်လုပ်ငန်းနယ်ပယ်များရှိ ပူးပေါင်းဆောင်ရွက်ရေးကန်ထရိုက်တာများကိုတိုက်တွန်းခဲ့သည်။ လုပ်ငန်းဆောင်ရွက်မှု ထိရောက်မှုနှင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ရန် ထိုကန်ထရိုက်တာများအား နည်းပညာရောင်းချသူများနှင့် ပူးပေါင်းလုပ်ဆောင်ရန် Tanjung မှ အကြံပြုထားသည်။ လက်ရှိ အင်ဒိုနီးရှားနိုင်ငံ၏ နေ့စဉ်ရေနံဆီသုံးစွဲမှုသည် စည်ပေါင်း ၁ ဒသမ ၆သန်းရှိပြီး သွင်းကုန်များအပေါ် မှီခိုမှုကိုလျှော့ချရန် ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်လျက်ရှိကြောင်း သိရသည်။ Source : Xinhua

Source: https://www.doca.gov.mm/my/node/43756

## သံမဏိနှင့်မော်တော်ယာဉ်အစိတ်အပိုင်းများအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုအပေါ် အိန္ဒိယက တုံ့ပြန်အရေးယူမှုအသစ်များဆောင်ရွက်ရန်စီစဉ်

အိန္ဒိယနှင့်အမေရိကန်ပြည်ထောင်စုတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက် (Bilateral Trade Agreement-BTA)အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိနေသော်လည်း အိန္ဒိယနိုင်ငံသည် သံမဏိ၊ အလူမီနီယံနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများတင်သွင်းမှုများအပေါ် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်စည်းကြပ်မှုကို တုံ့ပြန်သည့်အနေဖြင့် စီစဉ်ထားသော တန်ပြန်အရေးယူဆောင်ရွက်မှုများ၏ အတိုင်းအတာကို တိုးမြှင့်လိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)သို့ မကြာသေးမီပေးပို့လိုက်သော အသိပေးအကြောင်းကြားစာတွင် အမေရိကန်ပြည်ထောင်စုသည် ပြန်လည်ပြင်ဆင်ထားသော အကောက်ခွန်များမှတစ်ဆင့် ကောက်ခံမည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၂ ဘီလီယံတန်ဖိုးရှိ ထပ်တိုးတင်သွင်းခွန်များနှင့်ကိုက်ညီစေရန် အမေရိကန် သွင်းကုန်များအပေါ်ထားရှိသော အကောက်ခွန်များကို ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ဖော်ပြထားကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုသည် ဇွန်လ ၃ ရက်နေ့တွင် သံမဏိ၊ အလူမီနီယံနှင့် ၎င်းတို့၏ ဆက်စပ်ပစ္စည်းများအပေါ်ထားရှိသော အခွန်များကို ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့တိုးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါတိုးမြှင့်လိုက်သော အခွန်များကြောင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့သည့် အိန္ဒိယနိုင်ငံ၏ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသ မ ၆ ဘီလီယံအပေါ်သက်ရောက်မှုရှိကြောင်းသိရသည်။ "ဤအကြောင်း ကြားစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်ကျော်လွန်ပါက အထူးအခွင့်အရေးများ သို့မဟုတ် အခြားသောတာဝန်ဝတ္တရားများကို ဆိုင်းငံ့ပိုင်ခွင့်အား အိန္ဒိယနိုင်ငံကလက်ဝယ်ထားရှိသည်"ဟု အဆိုပါအကြောင်းကြားစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံက အမေရိကန်ပြည်ထောင်စု၏ အခွန်နှုန်းထားပြောင်းလဲမှုများသည် ကာကွယ်ရေးဆိုင်ရာအစီအမံများ (safeguard measures)အဖြစ် သတ်မှတ်နိုင်သော်လည်း အဆိုပါအပြောင်းအလဲများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ အကြောင်းကြားရန် ပျက်ကွက်ခဲ့ကြောင်း ထောက်ပြခဲ့သည်။ အမေရိကန်၏ လုပ်ဆောင်ချက်များသည် ၁၉၉၄ ခုနှစ် GATT သဘောတူညီချက်နှင့် ကာကွယ်ရေးဆိုင်ရာ အစီအမံများဆိုင်ရာ သဘောတူညီချက်(Agreement on Safeguards-AoS)တို့အရ ၎င်း၏ ကတိကဝတ်များနှင့်ကိုက်ညီမှုမရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် AoS မူဘောင်အရ လိုအပ်သည့် အတိုင်း အိန္ဒိယနိုင်ငံနှင့်ညှိနှိုင်းဆွေးနွေးမှုများ မပြုလုပ်ခဲ့ကြောင်းကိုလည်း အိန္ဒိယနိုင်ငံက မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် မတ်လတွင် အမေရိကန်ပြည်ထောင်စုမှ ချမှတ်ခဲ့သော သံမဏိနှင့် အလူမီနီယံအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုပထမအသုတ်ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ ဘီလီယံကောက်ခံရန် အကောက်ခွန်များချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် မေလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)သို့ ကနဦး အကြောင်းကြားခဲ့ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံက ယခုလ ၄ ရက်နေ့တွင် အိန္ဒိယပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉ ဘီလီယံကို သက်ရောက်မှုရှိစေသည့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများအပေါ် ကောက်ခံမည့် အမေရိကန်၏ ၂၅ ရာခိုင်နှုန်းထပ်တိုးအခွန်များကို တုံ့ပြန်သွားမည့်အစီအစဉ်ကိုလည်း WTO သို့ အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၉ ခုနှစ်က Trump အစိုးရမှ ချမှတ်ခဲ့သော အလားတူ အမေရိကန်အခွန်များကို တုံ့ပြန်သည့် အနေဖြင့် အမေရိကန်ထုတ်ကုန် ၂၈ မျိုးအပေါ် အကောက်ခွန်များတိုးမြှင့်ကောက်ခံခြင်းဖြင့် တုံ့ပြန်ခဲ့ဖူးကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်တွင် ဝန်ကြီးချုပ်မိုဒီ၏ အမေရိကန်ခရီးစဉ်အတွင်း သံမဏိနှင့် အလူမီနီယံဆိုင်ရာ အငြင်းပွားမှုများအပါအဝင် WTO တွင်ဆိုင်းငံ့ထားသော အငြင်းပွားမှုအားလုံးကို ရုပ်သိမ်းရန် နှစ်နိုင်ငံသဘောတူခဲ့ကြကြောင်း သိရသည်။

Source: Trade Promotion Council of India, India plans fresh retaliatory duties against US steel & auto duties, July 11, 2025 ,(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_21072025_14:41](https://myantrade.gov.mm/article/STP(Ygn)_21072025_14:41)

## အမေရိကန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဆောင်းဦးရာသီတွင် ကိုကာကိုလာကို ကြံသကြားအစစ်ဖြင့် ထုတ်လုပ် ရောင်းချမည်

ကိုကာကိုလာကုမ္ပဏီက အမေရိကန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဆောင်းဦးရာသီတွင် ကြံသကြားအစစ်ဖြင့် ထုတ်လုပ်သည့် ကိုကာကိုကာအသစ်ကို ရောင်းချသွားမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း CNBC အွန်လိုင်း သတင်း၌ ဖော်ပြခဲ့သည်။

အမေရိကန်ဈေးကွက်၌ ၁၉၈၀ ပြည့်နှစ်များမှစတင်၍ ရောင်းချသည့် ကိုကာကိုလာထုတ်ကုန်များကို အချိုဓာတ်တိုးစေရန် ပြောင်းသကြားရည်(Corn Syrup)အသုံးပြုထုတ်လုပ်ထားသော်လည်း မက္ကဆီကိုကဲ့သို့သော ဈေးကွက်အချို့၌ ကြံသကြားအစစ်ကို အသုံးပြုထုတ်လုပ်သည့် ထုတ်ကုန်များကိုရောင်းချလျက်ရှိကြောင်း၊ Mexican Coke သည် အမေရိကန် ဈေးကွက်၌ လူကြိုက်များလာခဲ့ကာ Costco နှင့် Target ကဲ့သို့သော လက်လီအရောင်းဆိုင်များ၌ပါ အရောင်းတွင်ကျယ်လာခဲ့ကြောင်း၊ ယင်းသို့ကြံသကြားအစစ်ကို အသုံးပြုထုတ်လုပ်မည့် ထုတ်ကုန်အသစ်သည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏လူမှုကွန်ရက် "TruthSocial"၌ "ကိုကာကိုလာထုတ်ကုန်များတွင် ကြံသကြားအစစ်ကိုအသုံးပြု၍ထုတ်လုပ်ရန် ကုမ္ပဏီနှင့်ဆွေးနွေးပြီးဖြစ်သည်"ဟုရေးသားခဲ့ပြီး နောက်တွင် ကုမ္ပဏီက ယခုကဲ့သို့ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ သမ္မတထရမ့်သည် Diet Coke ကြိုက်နှစ်သက်သူတစ်ဦးဖြစ်ပြီး ၎င်း၏ဘဲဥပုံရုံးခန်း၌ပင် Diet Coke သောက်လိုသည့်အခါ အသုံးပြုရန် ခလုတ်တစ်ခုထားရှိကြောင်း၊ သမ္မတထရမ့်၏ ကျန်းမာရေးနှင့် လူသားရေးရာဝန်ဆောင်မှုဝန်ကြီး Mr. Robert F. Kennedy Jr. (Health and Human Services Secretary)က ပြောင်းသကြားရည်အသုံးပြုခြင်းသည် အဝလွန်ရောဂါနှင့် နာတာရှည်ရောဂါများဖြစ်စေသည်ဟုဆိုကာ ဆန့်ကျင်သူတစ်ဦးဖြစ်ကြောင်း၊ သို့ရာတွင် ကြံသကြားအစစ်သည် ပြောင်းသကြားရည်ထက် ကျန်းမာရေးနှင့် ညီညွတ်သည်ဟု သုတေသနများက ဖော်ပြထားခြင်းမရှိကြောင်း၊ ထို့ပြင် ကြံသကြားတင်သွင်းရာ၌ သတ်မှတ်ပမာဏကိုသာ သွင်းကုန်ခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုထားရာ ကြံသကြားသည် အစိုးရထံမှ အထောက်အပံ့ရယူ ထုတ်လုပ်ထားသည့် ပြောင်းသကြားရည်ထက်ပို၍ ဈေးကြီးကြောင်းသိရသည်။

[https://www.cnbc.com/2025/07/22/coca-cola-to-roll-out-cane-sugar-soda-in-us.html](https://www.cnbc.com/2025/07/22/coca-cola-to-roll-out-cane-sugar-soda-in-us.html)

(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23072025_09:12

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ထောပတ်သီးတောင်သူ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆွေးနွေးပွဲကျင်းပပြုလုပ်

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ဦးစီးမှူးရုံးခန်းမတွင် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MAVO)နှင့် ပူးပေါင်း၍ တောင်သူဆွေးနွေးပွဲနှင့် GACC အကြောင်းရှင်းလင်းဆွေးနွေးပွဲကို နံနက် ၉:၀၀ နာရီမှ ညနေ ၃:၃၀ အချိန်ထိ ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဦးစီးမှူးမှ မြန်မာနိုင်ငံထောပတ်သီးများ နှစ်အလိုက်တင်ပို့မှု အလားအလာရှိသည့် တရုတ်၊ အိန္ဒိယ၊ ရုရှား၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၏ တင်သွင်းမှုနှင့်ဈေးကွက်အခြေအနေ၊ မြန်မာနိုင်ငံစံချိန်စံညွှန်းကော်မတီမှ ရေးဆွဲထုတ်ပြန်ထားရှိသည့် ဥရောပစံချိန်စံညွှန်းအတိုင်း ရေးဆွဲထုတ်ပြန်ထားရှိသည့် မြန်မာနိုင်ငံ ထောပတ်သီးစံချိန်စံညွှန်းများအကြောင်း၊ MAVO အသင်း ဥက္ကဋ္ဌမှ တောင်သူအများပိုင်ကုမ္ပဏီထူထောင်ထားရှိပြီး ယခုရာသီတွင် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံဈေးကွက်များသို့ တင်ပို့ရန်လျာထားသည့်အခြေအနေ၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား အသင်းဝင်တောင်သူများထံသို့ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အတွင်းရေးမှူး ဦးကျော်စိုးမင်းမှ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်မှုအတွက် ဈေးကွက်ရရှိနိုင်မှု အရည်အသွေးကောင်းစံချိန်မီအသီးများ ထုတ်လုပ်နိုင်ရန်လိုအပ်ချက်များ၊ ယခု ၁၀ လပိုင်းတွင် တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိရန် GACC အတွက် ပိုးမွှား ၆ မျိုး စစ်ဆေးရန်အတွက် ခြံပိုင်ရှင်များမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေနှင့် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူ ဦးရဲလင်းဦးမှ အပင်အာဟာရအတွက် အချိန်ကာလအလိုက်ထည့်သွင်းရမည့်အခြေအနေများအကြောင်းတို့ကိုဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တောင်သူများ၊ လုပ်ငန်းရှင်းစုစုပေါင်း ၈၂ ဦး တက်ရောက်ခဲ့သည်။ ၎င်းတို့မှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး၊ ပြည်ပနိုင်ငံဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ရေးကို ခြံရှင်များမှ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ MT-Shan (Taunggyi)

Source: https://myantrade.gov.mm/article/Taunggyi_7212025_307PM

### ၂၀၂၅ ဇူလိုင်လ အတွင်း အစေ့ထုတ်ပြောင်းဈေးကွက် အလားအလာ

မြန်မာနိုင်ငံအတွင်း အစေ့ထုတ်ပြောင်းမျိုး Hybrid Seed ကို မိုးရာသီတွင် ရှမ်းမြောက်၊ ရှမ်းတောင်၊ ရှမ်းအရှေ့ဒေသများ၊ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဗန်းမော်ခရိုင်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ စစ်ကိုင်းတိုင်းနှင့် ကန့်ဘလူခရိုင် ဒေသအသီးသီးတွင် နှစ်စဉ် စိုက်ပျိုးဧကပေါင်း ၁ သန်းကျော် စိုက်ပျိုးခဲ့ပြီး ခန့်မှန်း Estimates Yield Per Acre ၁ ဒသမ ၅ Ton Per Acre အရ Non GMO ပြောင်းစေ့တန်ချိန်ပေါင်း ၂ million တန် ထွက်ရှိသည်။

ထို့အတူ ဆောင်းအစေ့ထုတ်ပြောင်းကိုလည်း ဧရာဝတီမြစ်ရိုးတစ်လျှောက် ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဗန်းမော်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ ပခုက္ကူခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်များတွင် စုစုပေါင်း ဧက ၂ သိန်းခန့် စိုက်ပျိုးကြပြီး Estimates Yield Per Acre မှာ ၂ ဒသမ ၅ Ton Per Acre အရ Total Production Volume မှာတန်ချိန် သုည ဒသမ ၅ million Ton ထွက်ရှိနိုင်သည်။ လက်ရှိမျိုးစေ့ဈေးနှုန်း သွင်းအားစု ကုန်ကျစရိတ်များနှင့် အခြေအနေအကြောင်း အမျိုးမျိုးကြောင့် မြန်မာ့အစေ့ထုတ်ပြောင်း စိုက်ဧရိယာမှာ ၂၀၂၂မှ စတင်၍ ကျဆင်းလာခြင်း၊ အထွက်နှုန်းလျော့ကျလာခြင်းများကိုလည်း မြေပြင်ဒေသ အချက်အလက်များအရ သိရသည်။

မြန်မာ့အစေ့ထုတ်ပြောင်း Non GMO ၏ အဓိကဈေးကွက်မှာ နယ်စပ်ဒေသကုန်သွယ်ရေးမှ တစ်ဆင့် တရုတ်ပြည်နှင့် ထိုင်းနိုင်ငံမှတစ်ဆင့်ရောင်းချပြီး တောင်သူများအကျိုးအမြတ်ဖြစ်ထွန်းခဲ့ရာမှ လက်ရှိအခြေအနေအရ ကုန်သွယ်ရေးလမ်းကြောင်းများလည်း အနည်းငယ်နှေးကွေးနေဆဲ အခြေအနေရှိသောကြောင့် ယမန်နှစ်မိုးစိုက်တောင်သူများအတွက် အကျိုးအမြတ်နည်းပါးခဲ့သည်။

၂၀၂၄ - ၂၀၂၅ ဆောင်းပြောင်းများမှာ Local Consumption တန်ချိန် ၁ သန်းခန့် ပြောင်းဆန်အရည်အသွေးအရ ဈေးကွက်အားသာချက်ရှိ၍ ထိုက်သင့်သောအကျိုးအမြတ်ကို ပြောင်းစိုက်တောင်သူများခံစားရသည်ဟု ခန့်မှန်းရသည်။ လက်ရှိ

နိုင်ငံများ၏ ရာသီဥတုအခြေအနေကြောင့် ပြောင်းဆန်လိုအပ်ချက်ရှိသဖြင့် ဇူလိုင်လမှ စတင်၍ တောင်သူလက်ကျန်၊ ဒေသတွင်းလက်ကျန်အရ ပြောင်းဆန်ဈေးမှာ အနည်းအငယ်တက်လာနိုင်သည်ဟုလည်း ခန့်မှန်းသိရှိရသည်။ တစ်နည်းအားဖြင့် မြန်မာ့အစေ့ထုတ်ပြောင်းဆန်များမှာ ဝါဆို၊ ဝါခေါင်လများတွင် နှစ်စဉ်အမြင့်ဆုံးအခြေအနေကို ရောက်ရှိဆဲဖြစ်သောကြောင့် တောင်သူများ၏ အကျိုးအမြတ်ကိုဖြစ်ထွန်းစေမည့် မျှော်လင့်နေသည့် ဈေးတန်းတစ်ခုသို့ ရောက်ရှိနိုင်မည်ဟု လေ့လာသုံးသပ်ချက်အရ သိရသည်။ DOCA(ရှမ်း)

Source: https://www.doca.gov.mm/my/node/44162

# ပြည်ပကုန်သွယ်မှုသတင်း

## ကမ္ဘာ့ပြောင်းဈေးကျဆင်းမှုကြောင့် ပြည်တွင်းပြောင်းဈေးကျ

ကမ္ဘာ့ပြောင်းဈေးနဲ့ ထိုင်းနိုင်ငံမှာ ပြောင်းဈေးနှုန်းကျဆင်းနေတာကြောင့် ပြည်တွင်းဈေးကွက်မှာလည်း ပြောင်းဈေးနှုန်းကျဆင်းတယ်လို့ ပြောင်းဈေးကွက်မှသိရသည်။ လက်ရှိမှာ မြန်မာ့ပြောင်းကို အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် ဈေးကွက်များသို့ မတင်ပို့နိုင်သေးဘဲ ထိုင်းဈေးကွက်တစ်ခုကိုပဲ တင်ပို့နေတယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း ဂုဏ်ထူးဆောင်နာယက ဦးမင်းခိုင်က ပြောသည်။

အမေရိကန်မှ စိုက်ပျိုးထွက်ရှိပြီး မျိုးရိုးဗီဇပြောင်းလဲထားသော ပြောင်းအမျိုးအစား(GMO Corn)နှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိပြီး မျိုးရိုးဗီဇပြောင်းလဲထားခြင်းမရှိသော ပြောင်းအမျိုးအစား(Non GMO Corn) များဟာ ဈေးနှုန်းကွာဟမှုရှိပြီး GMO Corn တစ်တန်ဈေးက Non GMO Corn ထက် အမေရိကန်ဒေါ်လာ ၄၀ လောက်သက်သာတာကလည်း ထိုင်းကိုတင်ပို့နေတဲ့ မြန်မာ့ပြောင်းဈေးကွက်အပေါ် သက်ရောက်မှုရှိတယ်လို့ ဈေးကွက်ကျွမ်းကျင်သူတချို့က ဆိုသည်။ ပြည်တွင်းမှာ အရည်အသွေးမြင့်ပြောင်းသန့်လက်ကျန်က နည်းနေပြီး ဈေးကျတဲ့အတွက် ပြည်တွင်းအစာစက်တွေက ဝယ်လိုအားတက်လာကြောင်း သိရသည်။ ဘုရင့်နောင် ကုန်စည်ဒိုင်စာရင်းတွေအရ ဇွန်လထဲမှာ ပြောင်းဆန်တစ်ပိဿာကို ကျပ် ၁၇၅၀ ကနေ ၁၇၇၀ အထိရှိခဲ့ရာ ဇူလိုင်လဆန်းမှာ တစ်ပိဿာကို ကျပ် ၁၇၃၀ ကျော် ၁၇၅၀ ကို ပြန်ကျလာကြောင်း တွေ့ရသည်။

ပြောင်းဆန်တစ်တန်ရဲ့ FOB ဈေးနှုန်းက အမေရိကန်ဒေါ်လာ၂၆၀ ကနေ ၂၇၀ ဝန်းကျင်ပေါက်ဈေးရှိနေသည်။ ပြောင်းဆန်ဈေးနှုန်းကျဆင်းနေတယ်ဆိုပေမဲ့ အခုနှစ်မှာ ဈေးကောင်းရတဲ့အတွက် ပြောင်းစိုက်တောင်သူတွေက ပိုစိုက်လာကြလို့ အထွက်နှုန်းတိုးဖွယ်ရှိတယ်လို့လည်း ပြောင်းစိုက်တောင်သူတချို့က သုံးသပ်သည်။ မြန်မာ့ပြောင်းဆန်ကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ပြီး အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံကိုလည်း တင်ပို့နေသည်။ ထိုင်းနိုင်ငံဘက်က မြန်မာ့ပြောင်းကို နှစ်စဉ်ဖေဖော်ဝါရီလကနေ ဩဂုတ်လကုန်အထိ ၇ လ အတွင်း အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ခွင့်ပြုထားသည်။

**Source:** https://onenewstvchannel.com/agriculture-breeding/export/

## အီသီယိုးပီးယား ကော်ဖီတင်ပို့မှု စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံရရှိ

အီသီယိုးပီးယားနိုင်ငံသည် ကော်ဖီတင်ပို့မှုမှ စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံ ရရှိခဲ့ကြောင်း အီသီယိုးပီးယားကော်ဖီနှင့် လက်ဖက်လုပ်ငန်းအာဏာပိုင်အဖွဲ့ (အီးစီတီအေ) က ထုတ်ဖော်ပြော ကြားထားသည်။

အီသီယိုးပီးယားနိုင်ငံသည် ဇူလိုင် ၇ ရက်တွင် ကုန်ဆုံးခဲ့သော အီသီယိုးပီးယား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကော်ဖီတန်ချိန် ၄၆၈,၉၆၇ တန် တင်ပို့နိုင်ခဲ့ကြောင်း အီးစီတီအေ၏ ဇူလိုင် ၈ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အီသီယိုးပီးယား၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တင်ပို့ခဲ့သော ကော်ဖီတန်ချိန် ပမာဏသည် ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၁၇၀,၄၇၈ တန်မြင့်တက်လာကြောင်း အဆိုပါအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အာရေးဗီးကားကော်ဖီ၏ မူလအစဟု သတ်မှတ်ခြင်းခံထားရသော အီသီယိုးပီးယားနိုင်ငံသည် အာဖရိက၏ ကော်ဖီထုတ်လုပ်မှုနှင့် တင်ပို့မှုအများဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။။

Source: မြန်မာ့အလင်းသတင်းစာ

## အထူးဆောင်းပါးများ

### အိန္ဒိယအစိုးရက စားတော်ပဲ၏ အကောက်ခွန်မဲ့တင်သွင်းခွင့်ကို သက်တမ်းတိုးမြှင့်လိုက်ခြင်းသည် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်စေနိုင်

အိန္ဒိယနိုင်ငံအစိုးရက မကြာသေးမီက စားတော်ပဲ(Yellow Pea)၏ အကောက်ခွန်မဲ့တင်သွင်းခွင့်ကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်လိုက်ခြင်းသည် အိန္ဒိယပြည်သူတို့၏ စားသုံးဆီကဏ္ဍတွင် တွေ့ကြုံခဲ့ရသည့် ဆိုးရွားသော အခြေအနေကို ထပ်မံဖြစ်ပေါ်စေနိုင်ပြီး အိန္ဒိယတောင်သူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်စေနိုင်ကြောင်း ဆောင်းပါးရှင် TR Kandasamy က ဇူလိုင်လ ၁ ရက်နေ့က Hindu Businessline ၌ သုံးသပ်ရေးသားဖော်ပြထားသည်။

လက်ရှိတွင် သုညရာခိုင်နှုန်းအခွန်ဖြင့်တင်သွင်းလျက်ရှိသော စားတော်ပဲများသည် အိန္ဒိယနိုင်ငံ၏ ရိုးရာပဲမျိုးများဖြစ်သည့် ကုလားပဲ(Chana)နှင့် ပဲစင်းငုံ(Tur)တို့ကို တွန်းတွန်းတိုက်တိုက်ဖြင့် အစားထိုးနေရာယူလျက်ရှိကြောင်း၊ အဆိုပါတင်သွင်းလာသော စားတော်ပဲများ၏ ဆိပ်ကမ်းအရောက်ကုန်ကျစရိတ်မှာ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၃၅၀၀ သာရှိပြီး ၎င်းသည် အိန္ဒိယနိုင်ငံရှိ ပဲအများစု၏ ကြမ်းခင်းဈေး(Minimum Support Price– MSP)၏ တစ်ဝက်မျှပင်မရှိသဖြင့် အိန္ဒိယတောင်သူများ၏ ထွက်ကုန်များကို ယှဉ်ပြိုင်နိုင်စွမ်းမရှိစေဘဲ စီးပွားရေးအရ တွက်ခြေမကိုက်ဖြစ်စေကြောင်းဖော်ပြထားသည်။ စက်တင်ဘာလတွင် ကနေဒါနိုင်ငံမှ စားတော်ပဲသစ်များ ရောက်ရှိလာမည်ဟုမျှော်မှန်းထားသဖြင့် ဈေးနှုန်းများ ယခုထက်ပိုမိုကျဆင်းနိုင်ကြောင်း ၎င်းမှ ခန့်မှန်း ထားသည်။

| ပဲမျိုးစုံ | ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) MSP (ရူပီး) | အလေးပေးထားသော ပျှမ်းမျှဈေးနှုန်း (Weighted average price) (ရူပီး) |
|---|---|---|
| ပဲစင်းငုံ (Tur) | 8,000 | 6,300 |
| ပဲတီစိမ်း (Moong) | 8,768 | 6,700 |
| မတ်ပဲ (Urad) | 7,800 | 6,600 |
| ကုလားပဲ (Chana) | 5,650 | 5,400 |

**မှတ်ချက်။** စားတော်ပဲဆိပ်ကမ်းအရောက် ကုန်ကျစရိတ်မှာ ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ၃၅၀၀ ရူပီး။

ပြည်ပမှအကောက်ခွန်မဲ့စားတော်ပဲများ ဆက်လက်ဝင်ရောက်မှုသည် တောင်သူများ၏ ပြည်တွင်းပဲထုတ်လုပ်မှုကို မလွဲမသွေထိခိုက်ပျက်စီးစေမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်ပင်ပြန်မရနိုင်သော တောင်သူများသည် ပဲစိုက်ပျိုးခြင်းကို စွန့်လွှတ်ကြမည်ဖြစ်ပြီး ၎င်းသည် ကိုယ့်အားကိုယ်ကိုးနိုင်မှုတွင် ဆိုးရွားသောကျဆင်းမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်းဖော်ပြထားသည်။ ပြည်ပမှတင်သွင်းမှုအပေါ် အလွန်အကျွံမှီခိုခြင်းသည် သမားရိုးကျစီးပွားရေးကျဆင်းမှုထက် ပိုမိုကြီးမားသောအန္တရာယ်ကို ဆောင်ကြဉ်းလာကြောင်း၊ မကြာသေးမီကဖြစ်ပေါ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာအဖြစ်အပျက်များက ပြသခဲ့သည့်အတိုင်း စားနပ်ရိက္ခာဖူလုံရေးသည် အမျိုးသားလုံခြုံရေးအတွက် အရေးကြီးဆုံးဖြစ်ကြောင်း ဆောင်းပါးရှင်က ဖော်ပြထားသည်။

စားတော်ပဲအပေါ် ကုလားပဲ၏ကြမ်းခင်းဈေး(MSP)နှင့်ညီမျှအောင် သိသာထင်ရှားသောသွင်းကုန်ခွန် ချမှတ်ဆောင်ရွက်ခြင်းသည် ကာကွယ်ရေးဆိုင်ရာ အစီအမံတစ်ခုမျှသာမဟုတ် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးအခြေအနေကို ကာကွယ်ရန်၊ တောင်သူ များကို စွမ်းပကားမြှင့်တင်ရန်နှင့် ပြင်ပအားနည်းချက်များမှ နိုင်ငံ၏ ခံနိုင်ရည်ရှိမှုကို သေချာစေရန်အတွက် မဟာဗျူဟာမြောက်မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း အစိုးရအား အကြံပြုပြောကြားခဲ့သည်။

မကြာသေးမီက အိန္ဒိယဗဟိုအစိုးရသည် စားသုံးဆီအပေါ် တင်သွင်းခွန်ကို ၂၀ ရာခိုင် နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ရုံသာမက စားတော်ပဲအတွက် အကောက်ခွန်မဲ့တင်သွင်းခွင့်ကာလကိုလည်း သက်တမ်း တိုးမြှင့်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု၏အကျိုးဆက်များကို ပြည်သူတို့ခံစားနေရပြီး၊ ဟင်းသီးဟင်းရွက်ဆီသုံးစွဲမှု၏ ၆၅ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းမှုများဖြင့် ဖြည့်ဆည်းနေရသဖြင့် ပြည်တွင်း ဈေးကွက်ကိုထိခိုက်စေကြောင်း၊ ၁၉၉၀ ခုနှစ်မတိုင်မီက စားသုံးဆီတင်သွင်းမှုကို ကန့်သတ်ထားရှိခဲ့ရာ ပြည်တွင်း ထုတ်လုပ်မှု ၇၀ ရာခိုင်နှုန်းရှိပြီး ကျန် ၃၀ ရာခိုင်နှုန်းကိုသာ အစိုးရက တင်သွင်းကာ ပြည်တွင်း၌ ရောင်းချခဲ့ကြောင်း၊ ဆောင်းပါးရှင်က လက်ရှိစားတော်ပဲတင်သွင်းမှုမူဝါဒကို စားသုံးဆီတင်သွင်းမှု

မူဝါဒအပြောင်းအလဲကြောင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်ခဲ့ရသလို ထိခိုက်မှုရှိလာနိုင်သည့်အခြေအနေကို နှိုင်းယှဉ်ဝေဖန်သုံးသပ်ထားသည်။
Source: The Hindu Businessline, Yellow peas duty-free imports hurt food security, July 1, 2025.
(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)
Source: https://myantrade.gov.mm/article/STP(Ygn)_15072025_14:02

## ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၅၊ ဇူလိုင်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၉.၇.၂၀၂၅) ထိ

| မြို့နယ် | ရောဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 120000-125000 |
| မြောင်းမြ | 120000-125000 |
| ဒေးဒရဲ | 120000-125000 |
| ဝါးခယ်မ | 120000-125000 |
| ဘိုကလေး | 120000-125000 |
| မော်လမြိုင်ကျွန်း | 120000-125000 |
| လပွတ္တာ | 120000-125000 |
| ကျိုက်လတ် | 120000-125000 |
| ဘုရင့်နောင် | 150000-155000 (ရွှေဘိုပေါ်ဆန်း) |

**Source: MRF**

### ၂၀၂၅၊ ဇူလိုင်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 7.7.2025 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 |
| 2 | 14.7.2025 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 | 1400-1800 |
| 3 | 21.7.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 4 | 28.7.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |

**Source: MRPPA**

## ၂၀၂၅၊ ဇူလိုင်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ညှော်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.7.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 2 | 2.7.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 3 | 3.7.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 4 | 4.7.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 5 | 7.7.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 6 | 8.7.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 7 | 10.7.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 8 | 11.7.2025 | 110000 | 108000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 9 | 14.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 10 | 15.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 11 | 16.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 12 | 17..7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 13 | 18.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 14 | 21.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 15 | 22.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 16 | 23.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 17 | 24.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 18 | 25.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 19 | 28.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 20 | 29.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 21 | 30.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |
| 22 | 31.7.2025 | 113000 | 110000 | 105000 | 90000 | 89000 | 88000 | 58500 | 58000 | 57500 | 64000 | 63000 | 61000 |

Source: Myanmar Rice

## ၂၀၂၅၊ ဇူလိုင်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.7.2025 | 2100.0 | 64.76 | 293.22 | 1652.70 | 24.55 | 1467.86 |
| 2 | 2.7.2025 | 2100.0 | 64.69 | 293.00 | 1649.13 | 24.49 | 1460.21 |
| 3 | 3.7.2025 | 2100.0 | 64.93 | 293.24 | 1650.88 | 24.62 | 1459.85 |
| 4 | 4.7.2025 | 2100.0 | 64.93 | 293.09 | 1648.35 | 24.58 | 154.55 |
| 5 | 7.7.2025 | 2100.0 | 64.37 | 292.70 | 1643.26 | 24.43 | 1446.13 |
| 6 | 8.7.2025 | 2100.0 | 64.58 | 292.75 | 1644.09 | 24.50 | 1436.63 |
| 7 | 10.7.2025 | 2100.0 | 64.50 | 292.58 | 1641.52 | 24.51 | 1434.97 |
| 8 | 11.7.2025 | 2100.0 | 64.55 | 292.84 | 1640.11 | 24.46 | 1429.79 |
| 9 | 14.7.2025 | 2100.0 | 64.81 | 292.96 | 1638.90 | 24.41 | 1425.95 |
| 10 | 15.7.2025 | 2100.0 | 64.77 | 292.74 | 1639.41 | 24.47 | 1422.43 |
| 11 | 16.7.2025 | 2100.0 | 64.63 | 292.59 | 1634.43 | 24.44 | 1410.58 |
| 12 | 17..7.2025 | 2100.0 | 64.65 | 292.53 | 1633.03 | 24.43 | 1412.52 |
| 13 | 18.7.2025 | 2100.0 | 64.86 | 292.58 | 1636.09 | 24.38 | 1412.43 |
| 14 | 21.7.2025 | 2100.0 | 64.88 | 292.67 | 1637.36 | 24.35 | 1421.56 |
| 15 | 22.7.2025 | 2100.0 | 65.01 | 292.69 | 1638.00 | 24.31 | 1421.51 |
| 16 | 23.7.2025 | 2100.0 | 65.30 | 293.24 | 1643.13 | 24.30 | 1430.08 |
| 17 | 24.7.2025 | 2100.0 | 65.13 | 293.55 | 1645.57 | 24.31 | 1434.67 |
| 18 | 25.7.2025 | 2100.0 | 64.85 | 292.94 | 1640.24 | 24.24 | 1421.18 |
| 19 | 28.7.2025 | 2100.0 | 64.78 | 292.78 | 1636.41 | 24.26 | 1416.91 |
| 20 | 29.7.2025 | 2100.0 | 64.74 | 292.65 | 1631.57 | 24.17 | 1414.52 |
| 21 | 30.7.2025 | 2100.0 | 64.74 | 292.50 | 1631.00 | 24.04 | 1418.39 |
| 22 | 31.7.2025 | 2100.0 | 64.34 | 291.94 | 1620.81 | 23.97 | 1403.04 |

Source: Central Bank of Myanmar

## ၂၀၂၅၊ ဇူလိုင်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | **2024** | **2025** | | (□□□□□) | | |
| 1 | 1.7.2025 | 3001000 | 2800000 | | 4488800 | 2792500 | 2951700 |
| 2 | 2.7.2025 | 3005000 | 2811000 | | 4488800 | 2792500 | 2951700 |
| 3 | 3.7.2025 | 3010000 | 2823000 | | 4488800 | 2792500 | 2951700 |
| 4 | 4.7.2025 | 3020000 | 2845000 | | 4488800 | 2792500 | 2951700 |
| 5 | 7.7.2025 | 3009000 | 2827000 | | 4488800 | 2792500 | 2951700 |
| 6 | 8.7.2025 | 3002000 | 2825000 | | 4488800 | 2792500 | 2844600 |
| 7 | 10.7.2025 | 2998000 | 2817000 | | 4488800 | 2792500 | 2844600 |
| 8 | 11.7.2025 | 2989000 | 2810000 | | 4488800 | 2792500 | 2844600 |
| 9 | 14.7.2025 | 2967000 | 2775000 | | 4488800 | 2792500 | 2844600 |
| 10 | 15.7.2025 | 2957000 | 2763000 | | 4488800 | 2792500 | 2685300 |
| 11 | 16.7.2025 | 2955000 | 2762000 | | 4488800 | 2792500 | 2685300 |
| 12 | 17..7.2025 | 2966000 | 2788000 | | 4488800 | 2792500 | 2685300 |
| 13 | 18.7.2025 | 2991000 | 2818000 | | 4488800 | 2792500 | 2685300 |
| 14 | 21.7.2025 | 2990000 | 2798000 | | 4488800 | 2792500 | 2685300 |
| 15 | 22.7.2025 | 2993000 | 2802000 | | 4488800 | 2792500 | 2685300 |
| 16 | 23.7.2025 | 3021000 | 2820000 | | 4488800 | 2792500 | 2685300 |
| 17 | 24.7.2025 | 3020000 | 2820000 | | 4488800 | 2792500 | 2685300 |
| 18 | 25.7.2025 | 3018000 | 2814000 | | 4488800 | 2792500 | 2685300 |
| 19 | 28.7.2025 | 3009000 | 2800000 | | 4488800 | 2792500 | 2685300 |
| 20 | 29.7.2025 | 3030000 | 2818000 | | 4488800 | 2792500 | 2685300 |
| 21 | 30.7.2025 | 3027000 | 2807000 | | 4488800 | 2844600–2902700 | 2685300 |
| 22 | 31.7.2025 | 3025000 | 2809000 | | 4488800 | 2792500–2902700 | 2685300 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဇူလိုင်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.7.2025 | 3141600–4011200 | 2651600–2807800 | 2296500–2449600 | 3674300–3762400 | 1059400–1071700 |
| 2 | 2.7.2025 | 3141600–4011200 | 2651600–2807800 | 2296500–2449600 | 3674300–3762400 | 1059400–1071700 |
| 3 | 3.7.2025 | 3141600–4011200 | 2651600–2807800 | 2296500–2449600 | 3674300–3762400 | 1059400–1071700 |
| 4 | 4.7.2025 | 3141600–4011200 | 2651600–2807800 | 2296500–2449600 | 3674300–3762400 | 1059400–1071700 |
| 5 | 7.7.2025 | 3141600–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3674300 | 1059400–1071700 |
| 6 | 8.7.2025 | 3248700–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3674300 | 1053300–1065600 |
| 7 | 10.7.2025 | 3359000–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3674300 | 1053300–1065600 |
| 8 | 11.7.2025 | 3359000–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3674300 | 1053300–1065600 |
| 9 | 14.7.2025 | 3359000–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1053300–1065600 |
| 10 | 15.7.2025 | 3359000–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1028800–1040100 |
| 11 | 16.7.2025 | 3359000–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1028800–1040100 |
| 12 | 17..7.2025 | 3359000–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1028800–1040100 |
| 13 | 18.7.2025 | 3359000–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1028800–1040100 |
| 14 | 21.7.2025 | 3359000–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1028800–1040100 |
| 15 | 22.7.2025 | 3466100–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1022700–1034900 |
| 16 | 23.7.2025 | 3576400–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1022700–1034900 |
| 17 | 24.7.2025 | 3576400–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1022700–1034900 |
| 18 | 25.7.2025 | 3576400–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1022700–1034900 |
| 19 | 28.7.2025 | 3576400–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 1022700–1034900 |
| 20 | 29.7.2025 | 3576400–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 21 | 30.7.2025 | 3576400–4011200 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |
| 22 | 31.7.2025 | 3790700–4335700 | 2651600–2807800 | 2296500–2449600 | 3570200–3625300 | 998200–1010400 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၅၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.7.2025 to 4.7.2025 | 7.7.2025 to 11.7.2025 | 14.7.2025 to 18.7..2025 | 21.7..2025 to 25.7.20250 | 28.7..2025 to 31.7.20250 |
|---|---|---|---|---|---|---|
| မတ်ပဲ (2024-25 Crop) | FAQ | 705-715 | 705-715 | 695-705 | 710-720 | 720-730 |
| | SQ | 780-790 | 780-790 | 770-780 | 785-795 | 795-805 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 805-825 | 805-825 | 795-815 | 810-830 | 820-840 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 905-925 | 905-925 | 895-915 | 910-930 | 920-940 |
| | အခွံပါအခြမ်း | 805-825 | 805-825 | 795-815 | 810-830 | 820-840 |
| ပဲတီစိမ်း (2024-25 Crop) | FAQ (အညာ) | 1000-1010 | 1000-1010 | 1000-1010 | 1000-1010 | 980-990 |
| | FAQ (ရွှေဝါ) | 1130-1140 | 1130-1140 | 1130-1140 | 1130-1140 | 1130-1140 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1190-1200 | 1190-1200 | 1190-1200 | 1190-1200 | 1190-1200 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1160-1170 | 1160-1170 | 1160-1170 | 1160-1170 | 1160-1170 |
| | ရွှေဝါအသေး (Under 3.5 mm) | 1080-1090 | 1080-1090 | 1080-1090 | 1080-1090 | 1080-1090 |
| ပဲတီစိမ်း (2024 -25 Crop) | FAQ ပဲနောက် | 1000-1010 | 1000-1010 | 1000-1010 | 1000-1010 | 1000-1010 |
| | SQ ပဲနောက် | 1390-1400 | 1390-1400 | 1390-1400 | 1390-1400 | 1390-1400 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1185-1205 | 1185-1205 | 1185-1205 | 1185-1205 | 1165-1185 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 990-1010 | 990-1010 | 990-1010 | 990-1010 | 970-990 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 940-960 | 940-960 | 940-960 | 940-960 | 920-940 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 660-670 | 660-670 | 660-670 | 660-670 | 660-670 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 620-630 | 620-630 | 620-630 | 620-630 | 620-630 |
| | အခွံချွတ်အခြမ်း | 960-980 | 960-980 | 960-980 | 960-980 | 960-980 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 755-765 | 755-765 | 755-765 | 755-765 | 755-765 |
| | အခွံချွတ်အခြမ်း | 1025-1045 | 1025-1045 | 1025-1045 | 1025-1045 | 1025-1045 |
| ပဲလွန်းဖြူ | FAQ | 725-735 | 725-735 | 725-735 | 725-735 | 725-735 |
| | SQ | 790-800 | 790-800 | 790-800 | 790-800 | 790-800 |
| | အခွံချွတ်အခြမ်း | 865-885 | 865-885 | 865-885 | 865-885 | 865-885 |
| ပဲလွန်းနီ | FAQ | 675-685 | 675-685 | 675-685 | 675-685 | 675-685 |
| ပဲထောပတ် | FAQ | 795-805 | 780-790 | 750-760 | 730-740 | 730-740 |
| | အခွံချွတ်အခြမ်း | 820-840 | 805-825 | 775-795 | 755-775 | 755-775 |
| ပြောင်းဆန် | | 260-270 | 255-265 | 250-260 | 250-260 | 250-260 |
| နှမ်းဖြူ | | 1295-1305 | 1295-1305 | 1265-1275 | 1265-1275 | 1265-1275 |
| နှမ်းနက်(စမုန်) | | 2630-2640 | 2660-2670 | 2660-2670 | 2685-2695 | 2685-2695 |
| နှမ်းညို | | 1170-1180 | 1170-1180 | 1140-1150 | 1140-1150 | 1120-1130 |
| နှမ်းနက်(ရိုးရိုး) | | 2450-2460 | 2480-2490 | 2480-2490 | 2480-2490 | 2480-2490 |
| မြေထောက်ပဲ(အနီ)FAQ | | 860-870 | 860-870 | 830-840 | 830-840 | 830-840 |
| မြေထောက်ပဲ(အနီ)SQ | | 940-950 | 940-950 | 910-920 | 910-920 | 910-920 |
| မြေထောက်ပဲ(အဖြူ) | | 940-950 | 940-950 | 910-920 | 910-920 | 910-920 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 860-870 | 860-870 | 830-840 | 830-840 | 830-840 |
| ပဲယင်း(ဝါ) | | 630-640 | 630-640 | 610-620 | 610-620 | 610-620 |
| ပဲယင်း(နီ) | | 710-720 | 710-720 | 690-700 | 690-700 | 690-700 |
| ပဲကြီး | | 810-820 | 825-835 | 825-835 | 825-835 | 850-860 |
| ပဲကြီးအခွံချွတ်အခြမ်း | | 930-950 | 945-965 | 945-965 | 945-965 | 970-990 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1060-1070 | 1060-1070 | 1060-1070 | 1060-1070 | 1060-1070 |
| စွန်တာနီ/ပြာ | | 755-765 | 760-770 | 760-770 | 760-770 | 760-770 |
| မြေပဲ (လုံးဆန်) | | 1500-1510 | 1500-1510 | 1500-1510 | 1500-1510 | 1460-1470 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 2.7.2025 to 8.7.2025 | 9.7.2025 to 15.7.2025 | 16.7.2025 to 22.7.2025 | 23.7.2025 to 29.7.2025 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 390-400 | 390-400 | 390-400 | 390-400 |
| 2 | Myanmar Long Grain White Rice 10% Broken (90 days) | 370-375 | 370-375 | 370-375 | 370-375 |
| 3 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 370-375 | 365-370 | 360-370 | 360-370 |
| 4 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 365-370 | 355-365 | 355-360 | 355-360 |
| 5 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 360-365 | 350-355 | 350-355 | 350-355 |
| 6 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 340-350 | 330-345 | 330-345 | 330-345 |
| 7 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 370-375 | 365-370 | 360-370 | 360-370 |
| 8 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 365-370 | 355-365 | 355-360 | 355-360 |
| 9 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 360-365 | 350-355 | 350-355 | 350-355 |
| 10 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 340-350 | 330-345 | 330-345 | 330-345 |
| 11 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 360-365 | 360-365 | 360-365 | 360-365 |
| 12 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 355-360 | 355-360 | 355-360 | 355-360 |
| 13 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 350-355 | 350-355 | 350-355 | 350-355 |
| 14 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 335-340 | 335-340 | 335-340 | 335-340 |
| 15 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 340-350 | 340-350 | 340-350 | 340-350 |
| 16 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 330-340 | 330-340 | 330-340 | 330-340 |
| 17 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 325-330 | 325-330 | 325-330 | 325-330 |
| 18 | Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed) | - | - | 360-370 | 360-370 |
| 19 | Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed) | - | - | 355-360 | 355-360 |
| 20 | Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed) | - | - | 335-345 | 335-345 |
| 21 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 380-390 | 380-390 | 380-390 | 380-390 |
| 22 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 |
| 23 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 |
| 24 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | 360-365 |
| 25 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 |
| 26 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 370-380 | 370-380 | 370-380 | 370-380 |
| 27 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 365-370 | 365-370 |
| 28 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 350-360 | 350-360 | 350-360 | 350-360 |
| 29 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 365-375 | 365-375 | 365-375 | 365-375 |
| 30 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | 360-365 |
| 31 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 355-360 | 355-360 | 355-360 | 355-360 |
| 32 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 345-355 | 345-355 | 345-355 | 345-355 |
| 33 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 | 375-380 |
| 34 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 | 370-375 |
| 35 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 365-370 | 365-370 |
| 36 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 360-365 | 360-365 | 360-365 | 360-365 |
| 37 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 345-355 | 345-355 | 345-355 | 345-355 |
| 38 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 475-490 | 475-490 | 475-490 | 475-490 |
| 39 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 395-400 | 395-400 | 395-400 | 395-400 |
| 40 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 390-395 | 390-395 | 390-395 | 390-395 |
| 41 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 385-390 | 385-390 | 385-390 | 385-390 |
| 42 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 355-360 | 355-360 | 355-360 | 355-360 |
| 43 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 520-525 | 520-525 |
| 44 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 510-520 | 510-520 |
| 45 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 520-525 | 520-525 |
| 46 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 510-520 | 510-520 |
| 47 | Myanmar Glutinous Rice 5% Broken (Well Milled) | 490-500 | 490-500 | - | - |
| 48 | Myanmar Glutinous Rice 10% Broken (Well Milled) | 480-490 | 480-490 | - | - |
| 49 | Myanmar Glutinous Rice 15% Broken (Well Milled) | 470-480 | 470-480 | - | - |
| 50 | Myanmar Glutinous Rice 25% Broken (Well Milled) | 460-470 | 460-470 | - | - |

**Source: MRF**

## ၂၀၂၅၊ ဇူလိုင်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.7.2025 | 65.23 | 66.89 | 207.07 | 3.41 | 228.09 |
| 2 | 2.7.2025 | 65.47 | 67.15 | 209.39 | 3.43 | 233.65 |
| 3 | 3.7.2025 | 66.94 | 68.58 | 210.97 | 3.48 | 240.12 |
| 4 | 4.7.2025 | 66.87 | 68.57 | 211.22 | 3.41 | 235.48 |
| 5 | 7.7.2025 | 66.30 | 68.05 | 211.50 | 3.28 | 239.62 |
| 6 | 8.7.2025 | 67.67 | 69.36 | 215.20 | 3.39 | 240.84 |
| 7 | 10.7.2025 | 68.33 | 70.18 | 219.30 | 3.20 | 241.61 |
| 8 | 11.7.2025 | 66.83 | 68.86 | 215.55 | 3.36 | 238.81 |
| 9 | 14.7.2025 | 68.59 | 70.50 | 218.87 | 3.40 | 246.22 |
| 10 | 15.7.2025 | 66.63 | 68.92 | 215.59 | 3.44 | 237.04 |
| 11 | 16.7.2025 | 66.94 | 69.01 | 217.18 | 3.54 | 241.45 |
| 12 | 17..7.2025 | 66.72 | 68.77 | 215.64 | 3.56 | 239.61 |
| 13 | 18.7.2025 | 67.43 | 69.43 | 216.94 | 3.53 | 247.32 |
| 14 | 21.7.2025 | 67.52 | 69.38 | 214.50 | 3.39 | 245.57 |
| 15 | 22.7.2025 | 66.69 | 68.68 | 211.27 | 3.31 | 247.53 |
| 16 | 23.7.2025 | 66.21 | 68.79 | 210.02 | 3.25 | 244.35 |
| 17 | 24.7.2025 | 65.47 | 68.72 | 211.47 | 3.08 | 244.97 |
| 18 | 25.7.2025 | 66.17 | 69.36 | 211.10 | 3.09 | 239.61 |
| 19 | 28.7.2025 | 65.32 | 68.65 | 210.24 | 3.12 | 241.12 |
| 20 | 29.7.2025 | 66.73 | 7.07 | 213.64 | 3.06 | 241.64 |
| 21 | 30.7.2025 | 69.08 | 72.50 | 222.24 | 3.08 | 243.91 |
| 22 | 31.7.2025 | 69.04 | 73.40 | 223.47 | 4.17 | 226.25 |

Source: Bloomberg Commodities

## ၂၀၂၅၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.7.2025 | 3344 | 3349 |
| 2 | 2.7.2025 | 3343 | 3349 |
| 3 | 3.7.2025 | 3349 | 3354 |
| 4 | 4.7.2025 | 3344 | 3351 |
| 5 | 7.7.2025 | 3316 | 3322 |
| 6 | 8.7.2025 | 3336 | 3341 |
| 7 | 10.7.2025 | 3318 | 3325 |
| 8 | 11.7.2025 | 3338 | 3345 |
| 9 | 14.7.2025 | 3359 | 3367 |
| 10 | 15.7.2025 | 3364 | 3370 |
| 11 | 16.7.2025 | 3345 | 3350 |
| 12 | 17..7.2025 | 3347 | 3352 |
| 13 | 18.7.2025 | 3339 | 3346 |
| 14 | 21.7.2025 | 3358 | 3364 |
| 15 | 22.7.2025 | 3394 | 3402 |
| 16 | 23.7.2025 | 3430 | 3437 |
| 17 | 24.7.2025 | 3387 | 3397 |
| 18 | 25.7.2025 | 3364 | 3367 |
| 19 | 28.7.2025 | 3345 | 3350 |
| 20 | 29.7.2025 | 3320 | 3327 |
| 21 | 30.7.2025 | 3332 | 3338 |
| 22 | 31.7.2025 | 3306 | 3314 |

Source: Bullionvault,